မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၃ ] ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက် ( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက် ) } သောကြာနေ့ [ အတွဲ ၆၈

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် (၂၈/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်

( ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက် )

**စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၅၀ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဃ) တို့ပါ ပြဋ္ဌာန်းချက်များအရ ရှမ်းပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်တရားရေးဦးစီးမှူး ဒေါ်ချယ်ရီကြည်အား စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၇၅/၂၀၁၄**

၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်

( ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက် )

**စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေး ဦးစီးကော်မတီဖွဲ့စည်းခြင်း**

၁။ ၂၀၁၅ ခုနှစ် စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်ကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် **"စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေး ဦးစီးကော်မတီ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

(က) ဦးညဏ်ထွန်း — နာယက
ဒုတိယသမ္မတ

| | | |
|---|---|---|
| (ခ) | ဦးတင့်ဆန်း<br>ပြည်ထောင်စုဝန်ကြီး<br>အားကစားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ဂ) | ဦးသောင်းထိုက်<br>ဒုတိယဝန်ကြီး<br>အားကစားဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ဦးဇော်ဝင်း<br>ဒုတိယဝန်ကြီး<br>အားကစားဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (င) | ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း<br>ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးပိုက်ထွေး<br>ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးသောင်းတင်<br>ဒုတိယဝန်ကြီး<br>ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဦးဟံစိန်<br>ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒေါက်တာဝင်းမြင့်<br>ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒေါ်စန္ဒာခင်<br>ဒုတိယဝန်ကြီး<br>ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဦးစိုးတင့်<br>ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဦးချန်မောင်<br>ဒုတိယဝန်ကြီး<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒေါက်တာတင်ရွှေ<br>ဒုတိယဝန်ကြီး<br>ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဦးကျော်ဦး<br>ရုံးအဖွဲ့မှူး<br>အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဏ) ဦးထွန်းမြင့်ဦး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
အားကစားနှင့် ကာယပညာဦးစီးဌာန

(တ) ဦးကျော်ဆန်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
အားကစားနှင့် ကာယပညာဦးစီးဌာန

(ထ) ဥက္ကဋ္ဌများ — အဖွဲ့ဝင်
မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်

(ဒ) ဦးမျိုးလှိုင် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
အားကစားနှင့် ကာယပညာဦးစီးဌာန

(ဓ) ဦးသက်လွင် — တွဲဖက်အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ်
အားကစားနှင့် ကာယပညာဦးစီးဌာန

၂။ ဦးစီးကော်မတီသည် လိုအပ်သည့် လုပ်ငန်းကော်မတီနှင့် ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်သွားရန် ဖြစ်ပါသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၁၂၈/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်

( ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက် )

**မြန်မာနိုင်ငံစာရင်းကောင်စီပြန်လည်ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေပုဒ်မ ၄ အရ မြန်မာနိုင်ငံစာရင်းကောင်စီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြန်လည်ဖွဲ့စည်းလိုက်ပါသည်-

(က) ဦးသိန်းထိုက် — ဥက္ကဋ္ဌ
ပြည်ထောင်စုစာရင်းစစ်ချုပ်

(ခ) ဦးမျိုးမြင့် — ဒုတိယဥက္ကဋ္ဌ
ဒုတိယစာရင်းစစ်ချုပ်

(ဂ) ဦးသိန်းမြင့် — အဖွဲ့ဝင်
ရှမ်းပြည်နယ်စာရင်းစစ်ချုပ်

(ဃ) ဦးမြင့်အောင် — အဖွဲ့ဝင်
ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်

(င) ဦးကျော်ဝင်း — အဖွဲ့ဝင်
မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်

(စ) ဦးမင်းထွန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ပြည်တွင်းအခွန်များဦးစီးဌာန

(ဆ) ဦးမောင်မောင်ဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

(ဇ) ဦးအောင်နိုင်ဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

(ဈ) ဒေါက်တာဒေါ်ခင်နိုင်ဦး — အဖွဲ့ဝင်
တာဝန်ခံပါမောက္ခချုပ်
ရန်ကုန်စီးပွားရေးတက္ကသိုလ်

(ည) ဒေါ်နိုင်သက်ဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
စစ်ဆေးရေးဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(ဋ) ဦးမော်သန်း — အဖွဲ့ဝင်
ပါမောက္ခချုပ် (အငြိမ်းစား)
ရန်ကုန်စီးပွားရေးတက္ကသိုလ်

(ဌ) ဦးကျော်တင် — အဖွဲ့ဝင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း

(ဍ) ဦးဝင်းသင် — အဖွဲ့ဝင်
လက်မှတ်ရပြည်သူ့စာရင်းကိုင်

(ဎ) ဦးတင်ဝင်း — အဖွဲ့ဝင်
လက်မှတ်ရပြည်သူ့စာရင်းကိုင်

(ဏ) ဦးစိန်ဝင်းလှိုင် — အဖွဲ့ဝင်
ဗဟိုအလုပ်အမှုဆောင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(တ) ဒေါ်ခင်စန်းဦး — အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
စီမံရေးရာ၊ လေ့ကျင့်ရေးနှင့် သုတေသနဦးစီးဌာန
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

၂။ မြန်မာနိုင်ငံစာရင်းကောင်စီ၏သက်တမ်းကို စတင်ဖွဲ့စည်းသည့်နေ့မှစ၍ (၄) နှစ် သတ်မှတ်လိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက် )

**မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာ အပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီဥပဒေ (မူကြမ်း)**

**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်　။ )**

၁၃၇၆ ခုနှစ်၊　　　　လ　ရက်

( ၂၀၁၄ ခုနှစ်၊　　　လ　ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စတင် အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။　(က)　ဤဥပဒေကို **မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥပဒေ**ဟု ခေါ်တွင်စေရမည်။

(ခ)　ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့် နေ့ရက်မှ စတင်အာဏာတည်စေရမည်။

၂။　ဤဥပဒေတွင် ပါရှိသောအောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် -

(က)　**သူနာပြုအတတ်ပညာ**ဆိုသည်မှာ မကျန်းမာသူတစ်ဦးအား ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာပြုစုမှုလိုအပ်ချက်များကိုလည်းကောင်း၊ ယင်းမကျန်းမာသူ၏ မိသားစုများသာမက မကျန်းမာသူနှင့် ဆက်နွယ်သူများ၏ ကျန်းမာရေးဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ လိုအပ်ချက်များကိုလည်းကောင်း ဖြည့်ဆည်းဆောင်ရွက်နိုင်စွမ်းရှိသည့် အတတ်ပညာကို ဆိုသည်။ ယင်းစကားရပ်တွင် ကျန်းမာသူများအား ကျန်းမာရေးပိုမိုကောင်းမွန်စေရေးနှင့် ရောဂါကြိုတင် ကာကွယ်ရေးစသည်တို့ကို ဆောင်ရွက်ပေးသည့် လုပ်ငန်းများလည်းပါဝင်သည်။

(ခ)　**သားဖွားအတတ်ပညာ**ဆိုသည်မှာ ကိုယ်ဝန်ဆောင်အမျိုးသမီးများအား မမွေးဖွားမီပြုစုစောင့်ရှောက် ခြင်းနှင့် မွေးဖွားစဉ်အချိန်၌ အန္တရာယ်ကင်းစွာ မွေးဖွားပေးခြင်းတို့အပြင် သားဖွားပြီးသော မိခင်နှင့် မွေးကင်းစကလေးတို့အား ပြုစုစောင့်ရှောက်ခြင်းတို့ကို ဆိုသည်။

(ဂ)　**သူနာပြု**ဆိုသည်မှာ သတ်မှတ်ထားသည့် အခြေခံသူနာပြုအတတ်ပညာကို လေ့ကျင့်သင်ကြား တတ်မြောက်အောင်မြင်ပြီးသည့်အပြင် ကောင်စီက အရည်အချင်းစစ်ဆေးအကဲဖြတ်၍ ဤဥပဒေ

အရ မှတ်ပုံတင်လက်မှတ်နှင့်လိုင်စင်ရရှိပြီး သူနာပြုအတတ်ပညာဖြင့်သူနာပြုလုပ်ငန်းလုပ်ကိုင်သူကို ဆိုသည်။

(ဃ) **သားဖွား**ဆိုသည်မှာ သတ်မှတ်ထားသည့် အခြေခံသားဖွားအတတ်ပညာကို လေ့ကျင့်သင်ကြားတတ်မြောက်အောင်မြင်ပြီးသည့်အပြင် ကောင်စီက အရည်အချင်းစစ်ဆေးအကဲဖြတ်၍ ဤဥပဒေအရ မှတ်ပုံတင်လက်မှတ်နှင့်လိုင်စင်ရရှိပြီး သားဖွားအတတ်ပညာဖြင့်သားဖွားလုပ်ငန်းလုပ်ကိုင်သူကို ဆိုသည်။

(င) **သူနာပြု-သားဖွား**ဆိုသည်မှာ သတ်မှတ်ထားသည့် အခြေခံသူနာပြုအတတ်ပညာနှင့်သားဖွားအတတ်ပညာကို လေ့ကျင့်သင်ကြားတတ်မြောက်အောင်မြင်ပြီးသည့်အပြင် ကောင်စီက အရည်အချင်း စစ်ဆေးအကဲဖြတ်၍ ဤဥပဒေအရမှတ်ပုံတင်လက်မှတ်နှင့် လိုင်စင်ရရှိပြီး သူနာပြုနှင့်သားဖွားအတတ်ပညာဖြင့်သူနာပြု-သားဖွားလုပ်ငန်းလုပ်ကိုင်သူကို ဆိုသည်။

(စ) **မှတ်ပုံတင်ခြင်း**ဆိုသည်မှာ ဤဥပဒေအရထားရှိသော သူနာပြုနှင့်သားဖွားဆိုင်ရာ မှတ်ပုံတင်စာရင်းတွင် အမည်စာရင်း ရေးသွင်းခြင်းကို ဆိုသည်။

(ဆ) **မှတ်ပုံတင်အရာရှိ**ဆိုသည်မှာ ဤဥပဒေအရခန့်ထားသော သူနာပြုနှင့် သားဖွားကောင်စီ၏ မှတ်ပုံတင်အရာရှိကို ဆိုသည်။

(ဇ) **လိုင်စင်**ဆိုသည်မှာ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီက ဤဥပဒေအရ ထုတ်ပေးသော သူနာပြုလိုင်စင်၊ သားဖွားလိုင်စင်နှင့် သူနာပြု-သားဖွားလိုင်စင်တို့ကို ဆိုသည်။

(စျ) **သူနာပြုလိုင်စင်**ဆိုသည်မှာ သူနာပြုအတတ်ပညာဖြင့် သူနာပြုလုပ်ငန်းကို လုပ်ကိုင်နိုင်ရန် အရည်အချင်း ပြည့်မီသူအား ကောင်စီကထုတ်ပေးသော ခွင့်ပြုမိန့်ကို ဆိုသည်။

(ည) **သားဖွားလိုင်စင်**ဆိုသည်မှာ သားဖွားအတတ်ပညာဖြင့် သားဖွားလုပ်ငန်းကို လုပ်ကိုင်နိုင်ရန် အရည်အချင်း ပြည့်မီသူအား ကောင်စီကထုတ်ပေးသော ခွင့်ပြုမိန့်ကို ဆိုသည်။

(ဋ) **သူနာပြု-သားဖွား**လိုင်စင်ဆိုသည်မှာ သူနာပြုအတတ်ပညာနှင့် သားဖွားအတတ်ပညာတို့ဖြင့် သူနာပြုနှင့်သားဖွားလုပ်ငန်းနှစ်ရပ်လုံးကိုလုပ်ကိုင်နိုင်ရန် အရည်အချင်း ပြည့်မီသူအား ကောင်စီက ထုတ်ပေးသော ခွင့်ပြုမိန့်ကို ဆိုသည်။

(ဌ) **ကန့်သတ်လိုင်စင်**ဆိုသည်မှာ ပြည်ပနိုင်ငံတစ်ခုခုမှ သူနာပြုနှင့် သားဖွားအတတ်ပညာကို အောင်မြင်လာသောနိုင်ငံသား သို့မဟုတ် နိုင်ငံခြားသားသူနာပြု သို့မဟုတ် သားဖွားတစ်ဦးဦးအား သူနာပြု သို့မဟုတ် သားဖွားလုပ်ငန်းကိုဖြစ်စေ၊ ယင်းလုပ်ငန်းနှစ်ရပ်လုံးကိုဖြစ်စေ၊ လုပ်ကိုင်နိုင်ရန် ကောင်စီက လုပ်ငန်း၊ နေရာဒေသနှင့်အချိန်ကာလတို့ကိုကန့်သတ်၍ထုတ်ပေးသော သူနာပြုကန့်သတ်လိုင်စင်၊ သားဖွားကန့်သတ်လိုင်စင်နှင့် သူနာပြု-သားဖွားကန့်သတ်လိုင်စင် တစ်မျိုးမျိုးကို ဆိုသည်။

(ဍ) **သူနာပြု-သားဖွားအတတ်ပညာသင်ကျောင်း**ဆိုသည်မှာ သူနာပြုအတတ်ပညာကိုဖြစ်စေ သားဖွားအတတ်ပညာကို ဖြစ်စေ၊ ယင်းအတတ်ပညာနှစ်ရပ်လုံးကိုဖြစ်စေ သင်ကြားပေးသည့် အောက်ပါတစ်ခုခုကို ဆိုသည် -

(၁) ကျန်းမာရေးဝန်ကြီးဌာနကဖြစ်စေ၊ ကျန်းမာရေးဝန်ကြီးဌာနက ခွင့်ပြုသော အဖွဲ့အစည်းကဖြစ်စေ ဖွင့်လှစ်သင်ကြားပြီး ကောင်စီက အသိမှတ်ပြုထားသည့် အရည်အချင်း ပြည့်မီသော ကျောင်း၊ သင်တန်းကျောင်း၊ သိပ္ပံ၊ ကောလိပ်၊ ဒီဂရီကောလိပ် သို့မဟုတ် တက္ကသိုလ်၊

(၂) ပုဂ္ဂလိက သူနာပြု-သားဖွားအတတ်ပညာသင်ကျောင်း တည်ထောင်ဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် လုပ်ငန်းလိုင်စင်လျှောက်ထားချက်အပေါ် ကောင်စီကစိစစ်၍ အသိအမှတ်ပြုထားပြီး ကျန်းမာရေးဝန်ကြီးဌာနက လုပ်ငန်းလိုင်စင်ထုတ်ပေးထားသော ပုဂ္ဂလိကကျောင်း၊ သင်တန်းကျောင်း၊ သိပ္ပံ၊ ကောလိပ်၊ ဒီဂရီကောလိပ် သို့မဟုတ် တက္ကသိုလ်။

(ဎ) **ကျန်းမာရေးဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၊ ကျန်းမာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဏ) **ကောင်စီ**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီကို ဆိုသည်။

(တ) **ကောင်စီဝင်**ဆိုသည်မှာ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ၏ အဖွဲ့ဝင်တစ်ဦးဦးကို ဆိုသည်။

(ထ) **ဗဟိုအလုပ်အမှုဆောင်အဖွဲ့**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသောကောင်စီ၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ဆိုသည်။

(ဒ) **ကြီးကြပ်ရေးအဖွဲ့**ဆိုသည်မှာ သူနာပြုနှင့်သားဖွားလုပ်ငန်းကို သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ခြင်း ရှိ မရှိ ကြီးကြပ်ကွပ်ကဲနိုင်ရန် ဤဥပဒေအရဖွဲ့စည်းထားသောပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ်ကြီးကြပ်ရေးအဖွဲ့အသီးသီးကို ဆိုသည်။

(ဓ) **ကောင်စီဖြစ်မြောက်ရေးကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ကောင်စီဖွဲ့စည်းရာတွင် လိုအပ်သောကိစ္စများဆောင်ရွက်နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနကဖွဲ့စည်း၍ တာဝန်ပေးအပ်သော မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဖြစ်မြောက်ရေးကော်မတီကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်၏ကျန်းမာရေးမူဝါဒနှင့်အညီ အရည်အသွေးပြည့်မီပြီး ထိရောက်သော သူနာပြုစောင့်ရှောက်မှုလုပ်ငန်းများကို အများပြည်သူတို့ ခံစားခွင့်ရရှိစေရန်၊

(ခ) သူနာပြုနှင့်သားဖွားများ၏ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေး၊ အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်ရန်၊

(ဂ) သူနာပြုနှင့် သားဖွားအတတ်ပညာကို တိုးတက်ပြောင်းလဲလာသော နည်းပညာများနှင့်အညီ လေ့လာသင်ယူနိုင်ရန်နှင့် အရည်အသွေးပြည့်မီစွာဝန်ဆောင်မှု ပေးနိုင်စေရန်၊

(ဃ) သူနာပြုနှင့်သားဖွားအတတ်ပညာ ဖွံ့ဖြိုးတိုးတက်မှုကို သူနာပြုနှင့် သားဖွားများ စဉ်ဆက်မပြတ် လေ့လာဆည်းပူးပြီး အရည်အချင်းပြည့်ဝစေရန်၊

(င) သူနာပြုနှင့်သားဖွားများ၏ ကျင့်ဝတ်သိက္ခာနှင့်အညီ လိုက်နာစောင့်ထိန်းရေးနှင့် ဂုဏ်သိက္ခာကို အစဉ် ထိန်းသိမ်းမြှင့်တင်နိုင်ရေးတို့အတွက် ကြီးကြပ်ကွပ်ကဲနိုင်ရန်၊

(စ) သူနာပြုနှင့်သားဖွားများ၏လုပ်ငန်းပိုင်းဆိုင်ရာဆောင်ရွက်ရာတွင် တရားမျှတမှုရှိစေရန်နှင့် အကာအကွယ်ပေးနိုင်ရန်၊

(ဆ) သူနာပြုနှင့် သားဖွားအတတ်ပညာ အရည်အသွေးပြည့်မီပြီး အဆင့်အတန်းမြင့်မားစွာ လေ့ကျင့်သင်ကြားရေး၊ အသက်မွေးဝမ်းကျောင်းမှုပြုရေးတို့နှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းပြီးပူးပေါင်းဆောင်ရွက်နိုင်ရန်။

## အခန်း (၃)
## ကောင်စီဖွဲ့စည်းခြင်း

၄။ ကျန်းမာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီကို ဖွဲ့စည်းနိုင်ရေးအတွက် ကျန်းမာရေးနှင့်ဆိုင်သောအစိုးရဌာနအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ သူနာပြုနှင့် သားဖွားကိုယ်စားလှယ်များနှင့် အခြားသင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် ကောင်စီဖြစ်မြောက်ရေး ကော်မတီကို ဖွဲ့စည်းရမည်။

၅။ ကောင်စီဖြစ်မြောက်ရေးကော်မတီသည် -

(က) အောက်ဖော်ပြပါ သူနာပြုနှင့်သားဖွားကိုယ်စားလှယ်များနှင့် အခြားသင့်လျော်သော သူနာပြုသားဖွားများ၏ အမည်စာရင်းကိုတောင်းခံပြီး ပဏာမကောင်စီဝင်များအဖြစ်ရွေးချယ်လျာထားရမည် -

(၁) ကျန်းမာရေးဦးစီးဌာနမှ တာဝန်ပေးအပ်ခြင်းခံရသည့်သူနာပြုအရာရှိ (၁) ဦး

(၂) ဆေးသိပ္ပံပညာဦးစီးဌာနမှတာဝန်ပေးအပ်ခြင်းခံရသည့်သူနာပြုအရာရှိ (၁) ဦး

(၃) ကာကွယ်ရေးဝန်ကြီးဌာန၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှတာဝန်ပေးအပ်ခြင်းခံရသည့်သူနာပြုအရာရှိ (၁) ဦး

(၄) သူနာပြုတက္ကသိုလ်၊ ရန်ကုန်တိုင်းဒေသကြီးမှတာဝန်ပေးအပ်ခြင်းခံရသည့်သူနာပြုအရာရှိ (၁) ဦး

(၅) သူနာပြုတက္ကသိုလ်၊ မန္တလေးတိုင်းဒေသကြီးမှတာဝန်ပေးခြင်းခံရသည့်သူနာပြုအရာရှိ (၁) ဦး

(၆) တပ်မတော် သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်မှတာဝန်ပေးခြင်းခံရသည့်အရာရှိ (၁) ဦး

(၇) သူနာပြုအုပ်ကြီး (၁) ဦး

(၈) သူနာပြုသင်တန်းကျောင်းမှ ကိုယ်စားလှယ် (၂) ဦး

(၉) သားဖွားသင်တန်းကျောင်းမှ ကိုယ်စားလှယ် (၂) ဦး

(၁၀) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ လိုင်စင်ရသူနာပြုနှင့်သားဖွားများက မိမိတို့အနက်မှရွေးချယ်တင်မြောက်ခြင်းခံရသောသူနာပြုသားဖွားကိုယ်စားလှယ်တစ်ဦးစီ (၁၇) ဦး

(၁၁) မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းဥက္ကဋ္ဌ (၁) ဦး

(၁၂) ပုဂ္ဂလိက ဆေးရုံဆေးခန်းများမှ သူနာပြုနှင့်သားဖွားကိုယ်စားလှယ် (၃) ဦး

(၁၃) အငြိမ်းစားသူနာပြုဆရာနှင့် ဆရာမကြီးများက မိမိတို့အနက်မှ ရွေးချယ်တင်မြောက်ခြင်းခံရသောအငြိမ်းစားသူနာပြုဆရာနှင့်ဆရာမကြီးများ (၁၅) ဦး

(ခ) ပုဒ်မခွဲ (က) အရ ရွေးချယ်လျာထားသော ကောင်စီဝင်များအား ၎င်းတို့အနက်မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို ရွေးချယ်တင်မြောက်စေရမည်။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ကောင်စီဝင်များအဖြစ် ရွေးချယ်လျာထားသော ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကောင်စီအဖွဲ့ဝင်များပါဝင်သည့် မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီကို ဖွဲ့စည်းနိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

၆။ ကျန်းမာရေးဝန်ကြီးဌာနသည် ကောင်စီဖြစ်မြောက်ရေးကော်မတီက ရွေးချယ်လျာထား၍ ပုဒ်မ ၅၊ ပုဒ်မခွဲ (ဂ) အရ တင်ပြသော ကောင်စီဝင်များအားစိစစ်ပြီး ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကောင်စီအဖွဲ့ဝင်များပါဝင်သည့် မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းရမည်။

၇။ ကောင်စီသည် -

(က) ကောင်စီဝင်တစ်ဦးဦးအား ဘဏ္ဍာရေးမှူးအဖြစ် တာဝန်ပေးအပ်နိုင်သည်။ ယင်းသို့ တာဝန်ပေးအပ်ခြင်းမရှိလျှင် ကောင်စီအတွင်းရေးမှူးသည် ဘဏ္ဍာရေးမှူးအဖြစ်ဆောင်ရွက်ရမည်။

(ခ) ကောင်စီဝင်တစ်ဦးဦးအား စာရင်းစစ်အဖြစ် တာဝန်ပေးအပ်နိုင်သည်။

(ဂ) လိုအပ်ပါက ကောင်စီဝင်များအနက်မှ တွဲဖက်ဘဏ္ဍာရေးမှူးနှင့် တွဲဖက်စာရင်းစစ်တို့အဖြစ် တာဝန်ပေးအပ်နိုင်သည်။

၈။ ကောင်စီသည် ကောင်စီအတွင်းရေးမှူးအား မှတ်ပုံတင်အရာရှိအဖြစ် တာဝန်ပေးအပ်ပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်။

၉။ ကောင်စီသက်တမ်းနှင့် ကောင်စီဝင်များ၏ ရာထူးသက်တမ်းတို့နှင့် စပ်လျဉ်း၍ -

(က) ကောင်စီ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်ကြိမ်လျှင် ၄ နှစ်ဖြစ်သည်။

(ခ) ကောင်စီဝင်များ၏ ရာထူးသက်တမ်းသည် ကောင်စီ၏သက်တမ်းနှင့်အညီ ဖြစ်သည်။

(ဂ) ကောင်စီဝင်တစ်ဦးဦးသည် ကောင်စီဝင်ရာထူးသက်တမ်းတစ်ဆက်တည်း ၃ ကြိမ်အထိ ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဃ) ကောင်စီသည်သက်တမ်းကုန်ဆုံးသည့်အခါကောင်စီအသစ်ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်လွှဲပြောင်းသည်အထိ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၁၀။ ကောင်စီဝင်တစ်ဦးဦး၏ နေရာလစ်လပ်သည့်အခါ -

(က) ကျန်းမာရေးဝန်ကြီးဌာနသို့မဟုတ် သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းက တာဝန်ပေးအပ်သည့် ကောင်စီဝင်နေရာဖြစ်လျှင် ယင်းဌာနအဖွဲ့အစည်းက ထိုလစ်လပ်သည့်နေရာအတွက် အစားထိုး တာဝန်ပေးအပ်ရမည်။

(ခ) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ လိုင်စင်ရ သူနာပြုသားဖွားများက မိမိတို့အနက်မှ ရွေးချယ်တင်မြှောက်ခြင်းခံရသူတစ်ဦးဦး၏နေရာဖြစ်လျှင် ယင်းတို့က ထိုသို့ရွေးချယ်တင်မြှောက်သည့်အတိုင်း အစားထိုးရွေးချယ်တင်မြှောက်ရမည်။

(ဂ) ပုဒ်မခွဲ (က) သို့မဟုတ် (ခ) အရ အစားထိုး တာဝန်ပေးအပ်ခြင်း သို့မဟုတ် အစားထိုး ရွေးချယ်တင်မြှောက်ခြင်းခံရသော ကောင်စီဝင်၏ ရာထူးသက်တမ်းသည် လက်ရှိကောင်စီသက်တမ်းကုန်ဆုံးချိန်အထိသာ ဖြစ်စေရမည်။

၁၁။ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်လာသည့်အခါ ကောင်စီဝင်အဖြစ်မှ ရပ်စဲစေရမည် -

(က) သေဆုံးခြင်း၊ စိတ်ပေါ့သွပ်ခြင်း သို့မဟုတ် သာသနာ့ဘောင်သို့ အပြီးကူးပြောင်းခြင်း၊

(ခ) နုတ်ထွက်ခြင်း၊

(ဂ) ကောင်စီသို့ခွင့်ပန်ကြားခြင်းမရှိဘဲ အစည်းအဝေးသို့တက်ရောက်ရန် တစ်ဆက်တည်း ၃ ကြိမ်ဆက်တိုက် တမင်ပျက်ကွက်ခြင်း၊

(ဃ) ကောင်စီသို့ ခွင့်ပန်ကြားခြင်းမရှိဘဲ ပြည်ပသို့ ခြောက်လနှင့်အထက် ထွက်ခွာခြင်း၊

(င) မှတ်ပုံတင်စာရင်းနှင့် လိုင်စင်ပယ်ဖျက်ခံရခြင်း၊

(စ) ကောင်စီကသတ်မှတ်သော အကျင့်စာရိတ္တပျက်ပြားမှုဆိုင်ရာ ပြစ်မှု သို့မဟုတ် နိုင်ငံတော်လုံခြုံရေးကို ထိခိုက်စေနိုင်သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ထောင်ဒဏ်အပြစ်ပေးခံရခြင်း၊

(ဆ) ကိုယ်ကျင့်တရား ပျက်ပြားရာရောက်သည်ဟု ကောင်စီကစစ်ဆေးတွေ့ရှိခြင်း။

၁၂။ ကောင်စီဖွဲ့စည်းခြင်းနှင့် အစည်းဝေးကျင်းပခြင်းဆိုင်ရာ ကိစ္စရပ်များကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၄)
## ကောင်စီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၃။ ကောင်စီသည်ဤဥပဒေတွင် သီးခြား သတ်မှတ်ပြဋ္ဌာန်းထားသော တာဝန်နှင့်လုပ်ပိုင်ခွင့်များအပြင် အောက်ပါတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ပိုင်ခွင့်ရှိသည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ အကျိုးသက်ရောက်မှုရှိစေရန် တာဝန်ယူဆောင်ရွက်ခြင်း၊

(ခ) သူနာပြုနှင့်သားဖွားလုပ်ငန်းကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခြင်းရှိ မရှိ ကြီးကြပ်ကွပ်ကဲနိုင်ရန် သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်သူနာပြု သားဖွားလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များသတ်မှတ်ပေးခြင်း၊

(ဂ) ပြည်တွင်း ပြည်ပရှိ သူနာပြု-သားဖွား အတတ်ပညာသင်ကျောင်း တစ်ခုခုက အပ်နှင်းသည့် ဘွဲ့ဒီဂရီ၊ ဒီပလိုမာနှင့်အောင်လက်မှတ်များကို အရည်အချင်းစစ်ဆေးရန် ကင်းလွတ်ခွင့်ပြုထားခြင်း မရှိပါက အရည်အချင်းစစ်ဆေးပြီး အသိအမှတ်ပြုခြင်း သို့မဟုတ် အသိအမှတ်ပြုရန် ငြင်းပယ်ခြင်း၊

(ဃ) ပြည်ပရှိသူနာပြု-သားဖွားအတတ်ပညာသင်ကျောင်းတစ်ခုခုကအပ်နှင်းသည့် ဘွဲ့ဒီဂရီ၊ ဒီပလိုမာနှင့် အောင်လက်မှတ်များကို အသိအမှတ်ပြုရေးအတွက် အရည်အချင်းစစ်ဆေးရန်ကင်းလွတ်ခွင့်ပေးခြင်း၊

(င) ကောင်စီကအသိအမှတ်ပြုသော ပြည်တွင်း၊ ပြည်ပရှိ သူနာပြု-သားဖွားအတတ်ပညာသင်ကျောင်း တစ်ခုခုကဖြစ်စေ သူနာပြုနှင့်သားဖွားဆိုင်ရာအဖွဲ့အစည်းတစ်ခုခုကဖြစ်စေ အပ်နှင်းသည့် ဘွဲ့ဒီဂရီ၊ ဒီပလိုမာ သို့မဟုတ် အောင်လက်မှတ်ရရှိသူက သူနာပြုအဖြစ်သော်လည်းကောင်း၊ သားဖွားအဖြစ် သော်လည်းကောင်း၊ သူနာပြု-သားဖွားအဖြစ်သော်လည်းကောင်း မှတ်ပုံတင်ပေးရန်လျှောက်ထားချက် ကို စိစစ်ပြီး လိုအပ်ပါက အရည်အချင်း စစ်ဆေးမှုပြုလုပ်၍ မှတ်ပုံတင်ရန်ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊ မှတ်ပုံတင်ရန်ခွင့်ပြုပါက မှတ်ပုံတင်ကြေးပေးသွင်းစေပြီး သက်ဆိုင်ရာ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းနှင့် မှတ်ပုံတင်လက်မှတ်ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်း ဖြစ်ပါက စိစစ်ပြီး မှတ်ပုံတင်လက်မှတ်မူရင်းခွဲထုတ်ပေးခြင်း၊

(စ) ပုဒ်မခွဲ (င) အရ မှတ်ပုံတင်လက်မှတ်ရရှိသူကလိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် တစ်မျိုးမျိုး ထုတ်ပေးရန် လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းနှင့် လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းဖြစ်ပါက မူရင်းခွဲ မိတ္တူထုတ်ပေးခြင်း၊

(ဆ) ပုဒ်မခွဲ (စ) အရ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်းခံရသူသည် -

(၁) ပြည်တွင်းရှိသူနာပြု-သားဖွားအတတ်ပညာသင်ကျောင်း တစ်ခုခုက အပ်နှင်းသည့် ဘွဲ့ဒီဂရီ၊ ဒီပလိုမာ သို့မဟုတ် အောင်လက်မှတ်ရရှိပြီး တရားဝင် မှတ်ပုံတင်လက်မှတ်ရရှိသူဖြစ်ပါက စည်းကမ်းချက်များသတ်မှတ်၍ လိုင်စင်ကြေးပေးသွင်းစေပြီး သက်ဆိုင်ရာ လိုင်စင် ထုတ်ပေးခြင်း၊

(၂) ပြည်ပရှိသူနာပြု - သားဖွားအတတ်ပညာသင်ကျောင်းတစ်ခုခုက အပ်နှင်းသည့် ဘွဲ့ဒီဂရီ၊ ဒီပလိုမာ သို့မဟုတ် အောင်လက်မှတ်ရရှိပြီး တရားဝင်မှတ်ပုံတင်လက်မှတ် ရရှိသူဖြစ်ပါက စည်းကမ်းချက်များသတ်မှတ်၍ ကန့်သတ်လိုင်စင်ကြေးပေးသွင်းစေပြီး သက်ဆိုင်ရာကန့်သတ် လိုင်စင်ထုတ်ပေးခြင်း။

(ဇ) သက်ဆိုင်ရာ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်တစ်မျိုးမျိုးကို သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်နှင့် အရည်အချင်းကိုစိစစ်ပြီး စည်းကမ်းချက်များ သတ်မှတ်၍ သက်တမ်း တိုးမြှင့်ကြေးပေးသွင်းစေပြီး သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း၊

(ဈ) သူနာပြုကိုဖြစ်စေ၊ သားဖွားကိုဖြစ်စေ၊ သူနာပြု-သားဖွားကိုဖြစ်စေ၊ မှတ်ပုံတင်ထားခြင်းနှင့် လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကို သတ်မှတ်ချက်များနှင့်အညီ ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ည) မှတ်ပုံတင်ရန်ငြင်းပယ်ခြင်း၊ ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းကိုသော်လည်းကောင်း လိုင်စင်သို့မဟုတ် ကန့်သတ်လိုင်စင် ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းကိုသော်လည်းကောင်း ခံရသောသူနာပြုကိုဖြစ်စေ၊ သားဖွားကိုဖြစ်စေ၊ သူနာပြု-သားဖွားကိုဖြစ်စေ သတ်မှတ်ထားသော လိုအပ်ချက်များနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်ပြီး မှတ်ပုံတင်ခွင့်ပြု၍ သက်ဆိုင်ရာ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကိုပြန်လည်ထုတ်ပေးခြင်း သို့မဟုတ် မှတ်ပုံတင်ရန်နှင့် သက်ဆိုင်ရာ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကို ပြန်လည်ထုတ်ပေးရန် ငြင်းပယ်ခြင်း၊

(ဋ) သူနာပြု-သားဖွားဆိုင်ရာကိစ္စတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍လိုအပ်ပါက ကောင်စီဝင်တစ်ဦးဦးက ဦးဆောင်၍ပါဝင်ပြီး အစိုးရဌာနအဖွဲ့အစည်းမှတာဝန်ရှိသူများ၊ အခြားသင့်လျော်သော ပုဂ္ဂိုလ်များ ပါဝင်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ဖြစ်စေ၊ ကောင်စီဝင် ၃ ဦးပါဝင်သော စုံစမ်းစစ်ဆေးရေး အဖွဲ့ကို ဖွဲ့စည်း၍ဖြစ်စေ၊ စုံစမ်းစစ်ဆေးစေပြီး တွေ့ရှိချက်အစီရင်ခံစာ တင်ပြစေခြင်း။

(ဌ) မှတ်ပုံတင်ကြေး၊ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကြေး၊ သက်တမ်းတိုးမြှင့်ကြေး၊ ဝန်ဆောင်ခနှင့် အခြားအခကြေးငွေများကို သတ်မှတ်ခြင်းနှင့် ကောက်ခံခြင်း၊

(ဍ) သူနာပြုနှင့် သားဖွားများ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာများနှင့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊ ထိုစည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက သတ်မှတ်ထားသော ဒဏ်ကြေး တပ်ရိုက်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဎ) နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိက ဆေးရုံများ၊ ဆေးခန်းများ၏ သူနာပြုစုစောင့်ရှောက်မှုအဆင့်အတန်း ထိန်းသိမ်းမြှင့်တင်ရေးအတွက် လိုအပ်သောအရည်အသွေး စံချိန်စံညွှန်းသတ်မှတ်ခြင်း၊

(ဏ) သူနာပြုအတတ်ပညာနှင့်သားဖွားအတတ်ပညာတို့ကို နိုင်ငံတကာအဆင့်မီစေရန် ဆောင်ရွက်ခြင်း၊ ယင်းအတတ်ပညာသင်ကြားရေးနှင့်စပ်လျဉ်း၍ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ညီမညီ အခါ အားလျော်စွာ စစ်ဆေး၍ လိုအပ်ပါက ကျန်းမာရေးဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်း၊

(တ) ပုဂ္ဂလိက သူနာပြု-သားဖွား အတတ်ပညာသင်ကျောင်း တည်ထောင်ဖွင့်လှစ်သင်ကြားရေးနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်ကိုက်ညီမှု ရှိ မရှိ စိစစ်အကဲဖြတ်ချက်များပြုလုပ်ပြီး ခွင့်ပြုရန် သင့် မသင့် သဘောထားမှတ်ချက်ဖြင့် ကျန်းမာရေးဝန်ကြီးဌာနသို့တင်ပြပြီးခွင့်ပြုပါက အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်း၊

(ထ) သူနာပြု-သားဖွား အတတ်ပညာသင်ကျောင်းတွင် လေ့ကျင့်သင်ကြားမှုများနှင့်စပ်လျဉ်း၍ အရည် အချင်းပြည့်မီခြင်း စံချိန်စံညွှန်းကိုက်ညီခြင်း ရှိ မရှိ အခါအားလျော်စွာ ဆန်းစစ်အကဲဖြတ်ခြင်း၊

(ဒ) နိုင်ငံတော်နှင့် ပုဂ္ဂလိကပိုင် ဆေးရုံများ၊ ဆေးခန်းများ၏ သူနာပြုစုစောင့်ရှောက်မှု အရည်အသွေး စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ညီ မညီ အခါအားလျော်စွာ ဆန်းစစ်အကဲဖြတ်ခြင်း၊

(ဓ) သူနာပြုနှင့် သားဖွားဆိုင်ရာ အကျိုးပြုမည့် လုပ်ငန်းကိစ္စရပ်များကို ပြည်တွင်းပြည်ပရှိ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(န) အစိုးရဆေးရုံ၊ ဆေးခန်းများနှင့်ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော သူနာပြုနှင့် သားဖွားများအတွက်လည်းကောင်း၊ သူနာပြု-သားဖွားများအတွက်လည်းကောင်း ယင်းတို့၏ ကျွမ်းကျင်မှုနှင့် ရာထူးအဆင့်အလိုက် သူနာပြုနှင့် သားဖွားတို့၏ ဝတ်စုံနှင့် အဆောင် အယောင်တို့ကို သတ်မှတ်ပေးခြင်း၊ အတည်ပြုချက်ပေးခြင်းနှင့် အသိအမှတ်ပြုခြင်း၊

(ပ) ကောင်စီရန်ပုံငွေကို ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ထူထောင် ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ဖ) ကောင်စီ၏ ရုံးအဖွဲ့ကိုဖွဲ့စည်း၍ သင့်လျော်သော သတ်မှတ်လစာနှုန်းထားများဖြင့် လိုအပ်သော ဝန်ထမ်းများကို ကာလသတ်မှတ်ချက်ဖြင့် ခန့်အပ်တာဝန်ပေးခြင်းနှင့် ထုတ်ပယ်ခြင်း၊

(ဗ) ကောင်စီပုံမှန်အစည်းအဝေးများ၊ အထူးအစည်းအဝေးများနှင့် နှစ်ပတ်လည်အစည်းအဝေးများကို သတ်မှတ်ချက်များနှင့်အညီ ခေါ်ယူကျင်းပခြင်း၊

(ဘ) ကျန်းမာရေးဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ပေးသော အခြားလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၅)

## ဗဟို အလုပ်အမှုဆောင်အဖွဲ့နှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း

၁၄။ ကောင်စီသည် -

(က) မိမိ၏ လုပ်ငန်းတာဝန်များကို ကောင်စီကိုယ်စား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အဖွဲ့ဝင် ၁၅ ဦးထက်မနည်းသော အောက်ပါပုဂ္ဂိုလ်များပါဝင်သည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည် -

| | | |
|---|---|---|
| (၁) | ကောင်စီဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| (၂) | ကောင်စီဒုတိယဥက္ကဋ္ဌ | ဒုတိယ ဥက္ကဋ္ဌ |
| (၃) | ကောင်စီဝင် အနည်းဆုံး ၁၁ ဦး | အဖွဲ့ဝင်များ |
| (၄) | ကောင်စီ အတွင်းရေးမှူး | အတွင်းရေးမှူး |
| (၅) | ကောင်စီတွဲဖက်အတွင်းရေးမှူး | တွဲဖက်အတွင်းရေးမှူး |

(ခ) ဤဥပဒေပါပြဋ္ဌာန်းချက်များကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် သင့်လျော်သော ပုဂ္ဂိုလ်များ ပါဝင်သည့် အောက်ဖော်ပြပါ လုပ်ငန်းကော်မတီများကို သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည် -

(၁) သူနာပြု-သားဖွားအတတ်ပညာနှင့် လုပ်ငန်းအဆင့်အတန်းမြှင့်တင်ရေးလုပ်ငန်းကော်မတီ၊

(၂) သူနာပြု-သားဖွားပညာရေးနှင့်လုပ်ငန်းအရည်အသွေး စံချိန်စံညွှန်းသတ်မှတ် ကြီးကြပ်ရေး လုပ်ငန်းကော်မတီ၊

(၃) သူနာပြု-သားဖွားကျင့်ဝတ်သိက္ခာထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၊

(၄) သူနာပြု-သားဖွားစည်းကမ်းထိန်းသိမ်းရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ၊

(၅) သူနာပြု-သားဖွားဆိုင်ရာ အခြားလိုအပ်သည့် လုပ်ငန်းကော်မတီများ။

## အခန်း (၆)

## မှတ်ပုံတင်ခြင်း

၁၅။ ကောင်စီက ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဂ) အရ အသိအမှတ်ပြုသော ပြည်တွင်းရှိ သူနာပြု-သားဖွား အတတ်ပညာသင်ကျောင်းတစ်ခုခုကအပ်နှင်းသည့် ဘွဲ့ဒီဂရီ၊ ဒီပလိုမာ သို့မဟုတ် အောင်လက်မှတ်ရရှိသူသည် သူနာပြုအဖြစ်သော်လည်းကောင်း၊ သားဖွားအဖြစ်သော်လည်းကောင်း၊ သူနာပြု-သားဖွားအဖြစ်သော်လည်းကောင်း မှတ်ပုံတင်ပေးရန် ကောင်စီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၁၆။ ကောင်စီသည် -

(က) ပုဒ်မ ၁၅ အရ လျှောက်ထားချက်ကိုစိစစ်ပြီး လိုအပ်ပါက အရည်အချင်းစစ်ဆေးမှု ပြုလုပ်၍ မှတ်ပုံတင်ရန် ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က)အရ မှတ်ပုံတင်ရန် ခွင့်ပြုပါက သတ်မှတ်ထားသော မှတ်ပုံတင်ကြေးပေးသွင်းစေပြီး လျှောက်ထားသူအား သက်ဆိုင်ရာမှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။

၁၇။ ကောင်စီက ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဂ)နှင့် (ဃ)တို့အရ အသိအမှတ်ပြုသော ပြည်ပရှိသူနာပြု-သားဖွား အတတ်ပညာသင်ကျောင်းတစ်ခုခုကအပ်နှင်းသည့် ဘွဲ့ ဒီဂရီ၊ ဒီပလိုမာ သို့မဟုတ် အောင်လက်မှတ်ရရှိသော နိုင်ငံခြားသားသည် သူနာပြုအဖြစ်သော်လည်းကောင်း၊ သားဖွားအဖြစ်သော်လည်းကောင်း၊ သူနာပြု-သားဖွား အဖြစ်သော်လည်းကောင်း ယာယီမှတ်ပုံတင်ပေးရန် ကောင်စီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထား နိုင်သည်။

၁၈။ ကောင်စီသည် -

(က) ပုဒ်မ ၁၇ အရ လျှောက်ထားချက်ကိုစိစစ်ပြီး ကောင်စီက အရည်အချင်း စစ်ဆေးခြင်းကို ကင်းလွတ်ခွင့်ပြုထားခြင်းမရှိပါက အရည်အချင်းစစ်ဆေးမှုပြုလုပ်၍ မှတ်ပုံတင်ရန် ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ မှတ်ပုံတင်ရန် ခွင့်ပြုပါက သတ်မှတ်ထားသောမှတ်ပုံတင်ကြေး ပေးသွင်းစေပြီး လျှောက်ထားသူ နိုင်ငံခြားသားအား ယာယီမှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

၁၉။ ပုဒ်မ ၁၅ နှင့် ၁၇ တို့အရ မှတ်ပုံတင်ရန်လျှောက်ထားသူသည် -

(က) လျှောက်လွှာပုံစံနှင့်အတူ ဘွဲ့ ဒီဂရီ၊ ဒီပလိုမာ သို့မဟုတ် အောင်လက်မှတ်မူရင်းနှင့် မိတ္တူတို့ကို ပူးတွဲ၍ လျှောက်ထားရမည်။

(ခ) သတ်မှတ်ထားသောမှတ်ပုံတင်ကြေးကို သတ်မှတ်ချက်များနှင့်အညီ ပေးသွင်းရမည်။

၂၀။ (က) မှတ်ပုံတင်ရန်ငြင်းပယ်ခြင်း၊ မှတ်ပုံတင်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ ကာလ သတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုသည့် အမိန့်ချမှတ်ခြင်းခံရသူသည် သတ်မှတ်ထားသော လိုအပ်ချက်များနှင့်အညီ ဆောင်ရွက်၍ထိုအမိန့်ကို ပယ်ဖျက်ပြီး ပြန်လည် မှတ်ပုံတင်ပေးရန် ကောင်စီသို့ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး ပြန်လည်မှတ်ပုံတင်ပေးခြင်း သို့မဟုတ် မှတ်ပုံတင်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။ မှတ်ပုံတင်ရန် ခွင့်ပြုပါက သတ်မှတ် ထားသော မှတ်ပုံတင်ကြေးပေးသွင်းစေပြီး လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

## အခန်း (၇)
## လိုင်စင်နှင့် ကန့်သတ်လိုင်စင်

၂၁။ ပုဒ်မ ၁၆ အရ မှတ်ပုံတင်လက်မှတ်ရရှိသူသည် သူနာပြုအတတ်ပညာဖြင့်ဖြစ်စေ၊ သားဖွားအတတ် ပညာဖြင့်ဖြစ်စေ၊ သူနာပြု-သားဖွားအတတ်ပညာဖြင့်ဖြစ်စေလုပ်ကိုင်လိုပါက သူနာပြုလိုင်စင်၊ သားဖွားလိုင်စင် သို့မဟုတ် သူနာပြု-သားဖွားလိုင်စင်ထုတ်ပေးရန် ကောင်စီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၂၂။ ကောင်စီသည်

(က) ပုဒ်မ ၂၁ အရ လျှောက်ထားချက်ကိုစိစစ်ပြီး လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ လိုင်စင်ထုတ်ပေးရန် ခွင့်ပြုပါကသတ်မှတ်ထားသောလိုင်စင်ကြေးပေးသွင်းစေပြီး လျှောက်ထားသူအားစည်းကမ်းချက်များသတ်မှတ်၍ သက်ဆိုင်ရာသူနာပြုလိုင်စင်၊ သားဖွားလိုင်စင် သို့မဟုတ် သူနာပြု-သားဖွားလိုင်စင် ထုတ်ပေးရမည်။

၂၃။ ပုဒ်မ ၁၈ အရ ယာယီ မှတ်ပုံတင်လက်မှတ်ရရှိသော နိုင်ငံခြားသားသည် သူနာပြုအတတ်ပညာဖြင့် ဖြစ်စေ၊ သားဖွားအတတ်ပညာဖြင့်ဖြစ်စေ၊ သူနာပြု-သားဖွားအတတ်ပညာဖြင့်ဖြစ်စေ လုပ်ကိုင်လိုပါက

သူနာပြုကန့်သတ်လိုင်စင်၊ သားဖွားကန့်သတ်လိုင်စင် သို့မဟုတ် သူနာပြု-သားဖွားကန့်သတ်လိုင်စင် ထုတ်ပေးရန် ကောင်စီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၂၄။ ကောင်စီသည် -

(က) ပုဒ်မ ၂၃ အရ လျှောက်ထားချက်ကို စိစစ်ပြီး ကန့်သတ်လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း၊ သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ကန့်သတ်လိုင်စင် ထုတ်ပေးရန် ခွင့်ပြုပါက သတ်မှတ်ထားသော လိုင်စင်ကြေး ပေးသွင်းစေပြီး လျှောက်ထားသူအား စည်းကမ်းချက်များ သတ်မှတ်၍ သက်ဆိုင်ရာ သူနာပြုကန့်သတ်လိုင်စင်၊ သားဖွားကန့်သတ်လိုင်စင် သို့မဟုတ် သူနာပြု-သားဖွားကန့်သတ်လိုင်စင် ထုတ်ပေးရမည်။

၂၅။ (က) လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုသည့်အမိန့် ချမှတ်ခြင်းခံရသူသည် သတ်မှတ်ထားသော လိုအပ်ချက်များနှင့်အညီ ဆောင်ရွက်၍ လိုင်စင်ကို ပြန်လည်ထုတ်ပေးရန် ကောင်စီသို့ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် ထုတ်ပေးခြင်း၊ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် ထုတ်ပေးရန် ခွင့်ပြုပါက သတ်မှတ်ထားသော လိုင်စင်ကြေး ပေးသွင်းစေပြီး လိုအပ်သော အထောက်အထားများ ပြည့်စုံပါက သက်ဆိုင်ရာ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် ထုတ်ပေးရမည်။

၂၆။ သက်ဆိုင်ရာ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် သက်တမ်းကုန်ဆုံးပြီးနောက် သူနာပြုအတတ်ပညာဖြင့်ဖြစ်စေ၊ သားဖွားအတတ်ပညာဖြင့်ဖြစ်စေ၊ သူနာပြု - သားဖွားအတတ်ပညာဖြင့်ဖြစ်စေ ဆက်လက်လုပ်ကိုင်လိုပါက ထိုသက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် ကောင်စီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၂၇။ ကောင်စီသည် -

(က) ပုဒ်မ ၂၆ အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုပါက သတ်မှတ်ထားသော လိုင်စင်သက်တမ်း တိုးမြှင့်ကြေးကို ပေးသွင်းစေပြီး လျှောက်ထားသူအား စည်းကမ်းချက်များသတ်မှတ်၍ သက်ဆိုင်ရာလိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် ထုတ်ပေးရမည်။

၂၈။ ကောင်စီသည် -

(က) လိုင်စင်ရရှိသူ သို့မဟုတ် ကန့်သတ်လိုင်စင်ရရှိသူက ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေနှင့် အမိန့်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ဖောက်ဖျက်ကြောင်း တွေ့ရှိပါက ထိုသူအားလိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကို သတ်မှတ်ချက်များနှင့်အညီ ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကို သတ်မှတ်ချက်များနှင့်အညီ ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရသူက လိုင်စင် သို့မဟုတ် ကန့်သတ်

လိုင်စင်ကို ထုတ်ပေးရန် လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်ပြန်လည်ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ လိုင်စင် ပြန်လည်ထုတ်ပေးရန် ခွင့်ပြုပါက သတ်မှတ်ထားသော လိုင်စင်ကြေးကို ပေးသွင်းစေပြီး စည်းကမ်းချက်များ သတ်မှတ်၍ လျှောက်ထားသူအား လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကို ပြန်လည်ထုတ်ပေးရမည်။

## အခန်း (၈)
## သူနာပြုလိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ

၂၉။ သူနာပြုလိုင်စင်ရရှိသူသည် -

(က) သူနာပြုလိုင်စင်ပါ သက်တမ်းအတွင်း သူနာပြုအတတ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရှိသည်။

(ခ) သူနာပြုလိုင်စင်တွင် ဖော်ပြပါရှိသော စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) သူနာပြုလိုင်စင်သက်တမ်း ကုန်ဆုံးပါက ဆက်လက်လုပ်ကိုင်လိုလျှင် လိုင်စင်သက်တမ်း မကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားရမည်။

(ဃ) သူနာပြုအဖြစ် မှတ်ပုံတင်ပြီးနောက်ဖြစ်စေ၊ သူနာပြုလိုင်စင် ရရှိပြီးနောက်ဖြစ်စေ၊ ပြည်တွင်းမှသော်လည်းကောင်း၊ ပြည်ပမှသော်လည်းကောင်း သူနာပြုနှင့်စပ်လျဉ်း၍ဘွဲ့၊ ဒီဂရီ၊ ဒီပလိုမာ၊ လက်မှတ် စသည်တို့ကို ထပ်ဆင့်ရရှိသည့်အခါ ကောင်စီသို့ မှတ်တမ်းတင်ပေးရန် တင်ပြရမည်။

(င) သူနာပြုကျင့်ဝတ်သိက္ခာများကိုထိန်းသိမ်းစောင့်စည်းရမည့်အပြင် သူနာပြု၏သိက္ခာကို ထိခိုက်စေမည့် အပြုအမူ၊ အပြောအဆို၊ အနေအထိုင်များကိုလည်း ရှောင်ကြဉ်ရမည်။

(စ) ပေးဆောင်ရန်သတ်မှတ်ထားသော မှတ်ပုံတင်ကြေးနှင့်လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းတိုးမြှင့်ကြေး တို့ကို ပေးဆောင်ရမည်။

(ဆ) ကျွမ်းကျင်မှုနှင့် ရာထူးအဆင့်အလိုက် သတ်မှတ်ထားသည့် ဝတ်စုံနှင့် အဆောင်အယောင်များကို သုံးစွဲခွင့်ရှိသည်။

(ဇ) သူနာပြုလုပ်ငန်းကို သူနာပြုအတတ်ပညာဖြင့် မှန်ကန်စွာအသုံးချ၍ ပြည်သူလူထု၏ကျန်းမာရေးကို ထိရောက်စွာ ပြုစုစောင့်ရှောက်ရမည်။

(ဈ) သူနာပြုလိုင်စင်ကို ဤဥပဒေအရ ကောင်စီ၏ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်အရလည်းကောင်း၊ ထိုအမိန့်ကိုအယူခံပါက ကျန်းမာရေးဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်အရလည်းကောင်း ပယ်ဖျက်ခြင်းခံရပါက ထိုသူနာပြုလိုင်စင်ကို ကောင်စီသို့ အဆိုပါအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့် နေ့မှစ၍ ၁၅ ရက်အတွင်း ကောင်စီသို့ ပြန်လည်အပ်နှံရမည်။

(ည) သူနာပြုလိုင်စင်နှင့် စပ်လျဉ်း၍ ကောင်စီက ပုဒ်မ ၃၃ အရ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ် ချမှတ်ပါက ထိုအမိန့်ကို ဤဥပဒေ အခန်း (၁၃) ပါ ပြဋ္ဌာန်းချက်နှင့်အညီ အယူခံခွင့်ရှိသည်။

(ဋ) ကောင်စီက အခါအားလျော်စွာ သတ်မှတ်ထားသော တာဝန်များထမ်းဆောင်ပြီး သူနာပြုလုပ်ငန်း ဆိုင်ရာ စည်းကမ်းချက်များနှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

## အခန်း (၉)
## သားဖွားလိုင်စင် ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ

၃၀။ သားဖွားလိုင်စင်ရရှိသူသည် -

(က) သားဖွားလိုင်စင်ပါ သက်တမ်းအတွင်း သားဖွားအတတ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရှိသည်။

(ခ) သားဖွားလိုင်စင်တွင် ဖော်ပြပါရှိသော စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) သားဖွားလိုင်စင် သက်တမ်းကုန်ဆုံးပါက ဆက်လက်လုပ်ကိုင်လိုလျှင် လိုင်စင်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားရမည်။

(ဃ) သားဖွားအဖြစ် မှတ်ပုံတင်ပြီးနောက်ဖြစ်စေ၊ သားဖွားလိုင်စင်ရရှိပြီးနောက်ဖြစ်စေ ပြည်တွင်းမှသော်လည်းကောင်း၊ ပြည်ပမှသော်လည်းကောင်း သားဖွားနှင့်စပ်လျဉ်း၍ ဘွဲ့၊ဒီဂရီ၊ ဒီပလိုမာ၊ လက်မှတ်စသည်တို့ကို ထပ်ဆင့်ရရှိသည့်အခါ ကောင်စီသို့ မှတ်တမ်းတင်ပေးရန် တင်ပြရမည်။

(င) သူနာပြုသင်တန်း တက်ရောက်အောင်မြင်ပြီးပါက သားဖွားလိုင်စင်ကို ပြန်လည်အပ်နှံပြီး သူနာပြုသားဖွားမှတ်ပုံတင်နှင့် လိုင်စင်ကို လျှောက်ထားနိုင်သည်။

(စ) သားဖွား ကျင့်ဝတ်သိက္ခာများကို ထိန်းသိမ်းစောင့်စည်းရမည့်အပြင် သားဖွား၏ သိက္ခာကို ထိခိုက်စေမည့် အပြုအမူ၊ အပြောအဆို၊ အနေအထိုင်များကိုလည်း ရှောင်ကြဉ်ရမည်။

(ဆ) ပေးဆောင်ရန်သတ်မှတ်ထားသောမှတ်ပုံတင်ကြေးနှင့်လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းတိုးမြှင့်ကြေးတို့ကို ပေးဆောင်ရမည်။

(ဇ) ကျွမ်းကျင်မှုနှင့် ရာထူးအဆင့်အလိုက် သတ်မှတ်ထားသည့် ဝတ်စုံနှင့် အဆောင်အယောင်များကို သုံးစွဲခွင့်ရှိသည်။

(ဈ) သားဖွားလုပ်ငန်းကို သားဖွားအတတ်ပညာဖြင့် မှန်ကန်စွာအသုံးချ၍ မိခင်နှင့်ကလေးများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ထိရောက်စွာပြုစုစောင့်ရှောက်ရမည်။

(ည) သားဖွားလိုင်စင်ကို ဤဥပဒေအရ ကောင်စီ၏စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်အရလည်းကောင်း၊ ထိုအမိန့်ကို အယူခံပါက ကျန်းမာရေးဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်အရလည်းကောင်း ပယ်ဖျက်ခြင်းခံရပါက ထိုသားဖွားလိုင်စင်ကို ကောင်စီသို့ အဆိုပါအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ ၁၅ ရက်အတွင်း ကောင်စီသို့ ပြန်လည်အပ်နှံရမည်။

(ဋ) သားဖွားလိုင်စင်နှင့် စပ်လျဉ်း၍ ကောင်စီက ပုဒ်မ ၃၃ အရ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ် ချမှတ်ပါက ထိုအမိန့်ကို ဤဥပဒေ အခန်း (၁၃) ပါ ပြဋ္ဌာန်းချက်နှင့်အညီ အယူခံခွင့်ရှိသည်။

(ဌ) ကောင်စီက အခါအားလျော်စွာ သတ်မှတ်ထားသော တာဝန်များ ထမ်းဆောင်ပြီး သားဖွားလုပ်ငန်းဆိုင်ရာ စည်းကမ်းချက်များနှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

## အခန်း (၁၀)

## သူနာပြု - သားဖွားလိုင်စင် ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ

၃၁။ သူနာပြု-သားဖွားလိုင်စင်ရရှိသူသည် -

(က) သူနာပြု-သားဖွားလိုင်စင်ပါ သက်တမ်းအတွင်း သူနာပြုနှင့် သားဖွားအတတ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရှိသည်။

(ခ) သူနာပြု-သားဖွားလိုင်စင်တွင် ဖော်ပြပါရှိသော စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) သူနာပြု-သားဖွား သက်တမ်းကုန်ဆုံးပါက ဆက်လက်လုပ်ကိုင်လိုလျှင် လိုင်စင်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားရမည်။

(ဃ) သူနာပြု-သားဖွား မှတ်ပုံတင်ပြီးနောက်ဖြစ်စေ၊ သူနာပြု-သားဖွားရရှိပြီးနောက်ဖြစ်စေ၊ ပြည်တွင်းမှသော်လည်းကောင်း၊ ပြည်ပမှသော်လည်းကောင်း သူနာပြု-သားဖွားနှင့်စပ်လျဉ်း၍ ဘွဲ့၊ဒီဂရီ၊ ဒီပလိုမာ၊ လက်မှတ် စသည်တို့ကို ထပ်ဆင့်ရရှိသည့်အခါ ကောင်စီသို့ မှတ်တမ်းတင်ပေးရန် တင်ပြရမည်။

(င) သူနာပြု-သားဖွားတို့၏ ကျင့်ဝတ်သိက္ခာများကို ထိန်းသိမ်းစောင့်စည်းရမည့်အပြင် သူနာပြုနှင့် သားဖွားတို့၏သိက္ခာကို ထိခိုက်စေမည့်အပြုအမူ၊ အပြောအဆို၊ အနေအထိုင်များကိုလည်း ရှောင်ကြဉ်ရမည်။

(စ) ပေးဆောင်ရန်သတ်မှတ်ထားသောမှတ်ပုံတင်ကြေးနှင့်လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းတိုးမြှင့်ကြေး တို့ကို ပေးဆောင်ရမည်။

(ဆ) ကျွမ်းကျင်မှုနှင့် ရာထူးအဆင့်အလိုက် သတ်မှတ်ထားသည့် ဝတ်စုံနှင့် အဆောင်အယောင်များကို သုံးစွဲခွင့်ရှိသည်။

(ဇ) သူနာပြု-သားဖွားလုပ်ငန်းကို သူနာပြုနှင့်သားဖွား အတတ်ပညာဖြင့် မှန်ကန်စွာအသုံးချ၍ ပြည်သူ လူထု၏ ကျန်းမာရေးကို ထိရောက်စွာ ပြုစုစောင့်ရှောက်ရမည်။

(ဈ) သူနာပြု-သားဖွားလိုင်စင်ကို ဤဥပဒေအရ ကောင်စီ၏ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်အရ လည်းကောင်း၊ ထိုအမိန့်ကိုအယူခံပါက ကျန်းမာရေးဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်အရလည်းကောင်း ပယ်ဖျက်ခြင်းခံရပါက ထိုသူနာပြု-သားဖွားလိုင်စင်ကို ကောင်စီသို့ အဆိုပါအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ ၁၅ ရက်အတွင်း ကောင်စီသို့ ပြန်လည်အပ်နှံရမည်။

(ည) သူနာပြု-သားဖွားလိုင်စင်နှင့်စပ်လျဉ်း၍ ကောင်စီက ပုဒ်မ ၃၃ အရ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့် တစ်ရပ်ရပ်ချမှတ်ပါက ထိုအမိန့်ကို ဤဥပဒေ အခန်း (၁၃) ပါ ပြဋ္ဌာန်းချက်နှင့်အညီ အယူခံခွင့် ရှိသည်။

(ဋ) ကောင်စီက အခါအားလျော်စွာ သတ်မှတ်ထားသော တာဝန်များထမ်းဆောင်ပြီး သူနာပြု-သားဖွား လုပ်ငန်းဆိုင်ရာ စည်းကမ်းချက်များနှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

## အခန်း (၁၁)
## ကန့်သတ်လိုင်စင်ရရှိသူများ၏တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ

၃၂။ (က) သူနာပြုကန့်သတ်လိုင်စင်ရရှိသူသည် ဤဥပဒေအခန်း (၈) ပါ သူနာပြုလိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များကိုလည်းကောင်း၊ သားဖွားကန့်သတ်လိုင်စင်ရရှိသူသည် ဤဥပဒေအခန်း (၉) ပါ သားဖွားလိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ခွင့်များကို လည်းကောင်း ဆီလျော်သမျှ လိုက်နာဆောင်ရွက်ရမည်။

(ခ) သူနာပြု-သားဖွားကန့်သတ်လိုင်စင်ရရှိသူသည် ဤဥပဒေ အခန်း (၁၀) ပါ သူနာပြု-သားဖွား လိုင်စင်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်နိုင်ခွင့်များကို ဆီလျော်သမျှ လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၁၂)
## စီမံခန့်ခွဲရေးအမိန့် ချမှတ်ခြင်း

၃၃။ ကောင်စီသည် -

(က) လိုင်စင်ရရှိသူ သို့မဟုတ် ကန့်သတ်လိုင်စင် ရရှိသူက ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကိုသော် လည်းကောင်း၊ ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေ၊ အမိန့်နှင့်ညွှန်ကြားချက်တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် စည်းကမ်းချက်တစ်ရပ်ရပ် ကိုသော်လည်းကောင်း တမင်ဖောက်ဖျက်ကြောင်း တွေ့ရှိပါက ထိုသူအား အောက်ပါ စီမံခန့်ခွဲရေး အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(၁) သတိပေးခြင်း၊

(၂) သတ်မှတ်ထားသော ဒဏ်ကြေးငွေ ပေးဆောင်စေခြင်း၊

(၃) ကာလ အကန့်အသတ်ဖြင့် လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် ယာယီရပ်ဆိုင်းခြင်း၊

(၄) မှတ်ပုံတင်နှင့် လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် ပယ်ဖျက်ခြင်း။

( ခ ) လိုင်စင်ရရှိသူ သို့မဟုတ် ကန့်သတ်လိုင်စင်ရရှိသူက ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့် ကောင်စီက သတ်မှတ်ထားသည့် အခြားပြစ်မှုတစ်ရပ်ရပ်ဖြင့်ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ထိုသူ၏မှတ်ပုံတင်နှင့် လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကို ပယ်ဖျက်သည့် စီမံခန့်ခွဲရေးအမိန့် ချမှတ်နိုင်သည်။

## အခန်း (၁၃)
## အယူခံခြင်း

၃၄။ ကောင်စီက ချမှတ်သည့် အောက်ပါအမိန့်၊ ဆုံးဖြတ်ချက် သို့မဟုတ် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းချမှတ်သော အမိန့်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ကျန်းမာရေးဝန်ကြီးဌာနသို့ အယူခံနိုင်သည် -

(က) ပြည်တွင်း ပြည်ပရှိ သူနာပြု -သားဖွားအတတ်ပညာသင်ကျောင်း တစ်ခုခုကအပ်နှင်းသည့် ဘွဲ့၊ဒီဂရီ၊ ဒီပလိုမာနှင့် အောင်လက်မှတ်များကို အရည်အချင်းစစ်ဆေးပြီး အသိအမှတ်ပြုရန် ငြင်းပယ်ခြင်း၊

( ခ ) မှတ်ပုံတင်ရန် ဆိုင်းငံ့သည့် သို့မဟုတ် ငြင်းပယ်သည့်အမိန့်၊

( ဂ ) လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် ထုတ်ပေးရန် သို့မဟုတ် သက်တမ်းတိုးမြှင့်ပေးရန် ဆိုင်းငံ့သည့် သို့မဟုတ် ငြင်းပယ်သည့်အမိန့်၊

(ဃ) မှတ်ပုံတင်ရန်ဖြစ်စေ၊ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် ထုတ်ပေးရန်ဖြစ်စေ၊ ဆိုင်းငံ့သည့် သို့မဟုတ် ငြင်းပယ်သည့် အမိန့်ကိုပယ်ဖျက်ပြီး သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ရန်ဖြစ်စေ၊ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ထုတ်ပေးရန်ဖြစ်စေ ပြန်လည်လျှောက်ထားချက်ကို ဆိုင်းငံ့သည့် သို့မဟုတ် ငြင်းပယ်သည့်အမိန့်၊

( င ) ပုဒ်မ ၃၃ အရ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ရသူအား ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်။

၃၅။ ပုဒ်မ ၃၄ အရ အယူခံမှုတွင် ကျန်းမာရေးဝန်ကြီးဌာနသည် ကောင်စီကချမှတ်သည့် အမိန့်တစ်ရပ်ရပ်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၃၆။ ပုဒ်မ ၃၅ အရ ချမှတ်သော ကျန်းမာရေးဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၄)
## ပုဂ္ဂလိက သူနာပြု - သားဖွား အတတ်ပညာသင်ကျောင်း တည်ထောင်ဖွင့်လှစ်ခြင်း

၃၇။ ပုဂ္ဂလိက သူနာပြု-သားဖွားအတတ်ပညာသင်ကျောင်းတစ်မျိုးမျိုးကို တည်ထောင်ဖွင့်လှစ်သင်ကြားလိုသူသည် လုပ်ငန်းလိုင်စင်ရရှိရန် ကျန်းမာရေးဝန်ကြီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၃၈။ (က) ပုဒ်မ ၃၇ အရ ကျန်းမာရေးဝန်ကြီးဌာနသို့ လျှောက်ထားရာတွင် အဆိုပါ ပုဂ္ဂလိက သူနာပြု-သားဖွားအတတ်ပညာသင်ကျောင်းအား အသိအမှတ်ပြုနိုင်ခြင်း ရှိ မရှိ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ၏ သဘောထားမှတ်ချက်နှင့် အသိအမှတ်ပြုလက်မှတ်တို့ကို တောင်းခံ၍ ပူးတွဲတင်ပြရမည်။

( ခ ) အဆိုပါ ပုဂ္ဂလိကသူနာပြု-သားဖွားအတတ်ပညာသင်ကျောင်း တည်ထောင်ဖွင့်လှစ်ခွင့်လုပ်ငန်း လိုင်စင်နှင့် အသိအမှတ်ပြု လက်မှတ်ရရှိလိုသူသည် သူနာပြုအတတ်ပညာနှင့် သားဖွားအတတ်

ပညာဆိုင်ရာ သင်ရိုးညွှန်းတမ်းများကို သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ ရေးဆွဲ၍ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးနိုင်ရန် သတ်မှတ်ထားသော ဝန်ဆောင်ခပေးသွင်းပြီး ကောင်စီသို့ တင်ပြရမည်။

(ဂ) ကောင်စီသည် ပုဒ်မခွဲ (ခ) ပါ တင်ပြချက်အရ ပုဂ္ဂလိက သူနာပြု-သားဖွားအတတ်ပညာ သင်ကျောင်း တည်ထောင်ဖွင့်လှစ်ခွင့် လုပ်ငန်းလိုင်စင်လျှောက်ထားချက်နှင့်စပ်လျဉ်း၍ စိစစ်ပြီး ခွင့်ပြုရန် သင့် မသင့် သဘောထားမှတ်ချက်ကို ကျန်းမာရေးဝန်ကြီးဌာနနှင့် လျှောက်ထားသူ ထံသို့ ပြန်ကြားရမည်။ ခွင့်ပြုသင့်ပါက အသိအမှတ်ပြုခြင်းဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်၍ လျှောက်ထားသူအား အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရမည်။

၃၉။ ကျန်းမာရေးဝန်ကြီးဌာနသည် ပုဒ်မ ၃၈၊ ပုဒ်မခွဲ (ဂ) အရ ကောင်စီက တင်ပြလာသော အသိအမှတ်ပြု လက်မှတ်နှင့် သဘောထားမှတ်ချက်များအပေါ် အခြေခံ၍ ပုဂ္ဂလိက သူနာပြု-သားဖွားအတတ်ပညာ သင်ကျောင်း တည်ထောင်ဖွင့်လှစ်ခွင့်ကို စိစစ်ခွင့်ပြုပြီး လုပ်ငန်းဆိုင်ရာ စည်းကမ်းချက်များသတ်မှတ်၍ လုပ်ငန်းလိုင်စင်ထုတ်ပေးရမည်။

၄၀။ ပုဂ္ဂလိကသူနာပြု-သားဖွားအတတ်ပညာသင်ကျောင်းတည်ထောင်ဖွင့်လှစ်ခွင့် လုပ်ငန်းလိုင်စင်ရရှိသူသည်-

(က) သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) လေ့ကျင့်သင်ကြားရေးအတွက် လိုအပ်ချက်များ၊ သင်ကြားသည့်သင်ရိုးညွှန်းတမ်းများ၊ ကျောင်းဝင်ခွင့် အရည်အချင်းများ၊ သင်ကြားမှုစနစ်များ၊ သင်ကြားပို့ချသူများ၏ အရည်အချင်းများ၊ သင်ကြားရေး အထောက်အကူပြု ပစ္စည်းကိရိယာများနှင့် စာမေးပွဲ စစ်ဆေးကျင်းပမှုများ စသည်တို့နှင့်စပ်လျဉ်း၍ ကောင်စီ၏ တာဝန်ပေးအပ်ချက်အရ စစ်ဆေးရေးမှူးများနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့များ၏ အခါ အားလျော်စွာ စစ်ဆေးမှုကိုခံယူပြီး လိုအပ်သောအကူအညီများပေးရမည်။

(ဂ) လေ့ကျင့်သင်ကြားမှုအခြေအနေကိုလည်းကောင်း၊ သူနာပြု-သားဖွားများအရည်အသွေးနှင့် အဆင့် အတန်းတိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း သတ်မှတ်ချက် များနှင့်အညီ ကောင်စီသို့အစီရင်ခံရမည်။

(ဃ) လေ့ကျင့်သင်ကြားရေးနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကောင်စီတို့၏အခါအားလျော်စွာ ညွှန်ကြားချက်ကို လိုက်နာရမည်။

## အခန်း (၁၅)
## တားမြစ်ချက်နှင့်ပြစ်ဒဏ်များ

၄၁။ မည်သူမျှ ဤဥပဒေအရ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပေးသော လုပ်ငန်းလိုင်စင်နှင့် ကောင်စီက ထုတ်ပေးသော အသိအမှတ်ပြုလက်မှတ်မရှိဘဲ ပုဂ္ဂလိက သူနာပြု-သားဖွားအတတ်ပညာသင်ကျောင်း တစ်မျိုးမျိုးကို တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ။

၄၂။ မည်သူမျှ ဤဥပဒေအရ ထုတ်ပေးသော လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်မရှိဘဲ သူနာပြုလုပ်ငန်း၊ သားဖွားလုပ်ငန်း သို့မဟုတ် သူနာပြု-သားဖွားလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

၄၃။ မည်သူမျှ လိုင်စင်ရရှိသူ သို့မဟုတ် ကန့်သတ်လိုင်စင် ရရှိသူမဟုတ်ဘဲ ကောင်စီက ကျွမ်းကျင်မှုနှင့် အဆင့်အလိုက် သတ်မှတ်ထားသော သို့မဟုတ် အတည်ပြုထားသော သူနာပြု၊ သားဖွား သို့မဟုတ် သူနာပြု- သားဖွား၏ ဝတ်စုံနှင့် အဆောင်အယောင်များကို ဝတ်ဆင်ခြင်း၊ သုံးစွဲခြင်း သို့မဟုတ် တပ်ဆင်ခြင်းမပြုရ။

၄၄။ မည်သည့် လိုင်စင်ရရှိသူ သို့မဟုတ် ကန့်သတ်လိုင်စင်ရရှိသူမျှ -

(က) မိမိ၏လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကို အခြားသူတစ်ဦးဦးအား လွှဲပြောင်းပေးခြင်း၊ လုပ်ငန်း လုပ်ကိုင်စေခြင်း သို့မဟုတ် အသုံးပြုစေခြင်းမပြုရ။

(ခ) လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကို ပယ်ဖျက်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်ခြင်းခံရပါက ဤဥပဒေနှင့်အညီ ကောင်စီသို့ အဆိုပါ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ ၁၅ ရက်အတွင်း ကောင်စီသို့ ပြန်လည်အပ်နှံရန် ပျက်ကွက်ခြင်းမရှိစေရ။

၄၅။ မည်သူမျှ သူနာပြု၊ သားဖွား သို့မဟုတ် သူနာပြု-သားဖွား၏ ဂုဏ်သိက္ခာကို ထိခိုက်နစ်နာစေရန် ရည်ရွယ်၍ မရိုးမဖြောင့်သောသဘောဖြင့် ပြုမူမှု၊ ပြောဆိုမှု၊ ရေးသားမှု၊ ဖော်ပြမှု၊ သရုပ်ဆောင်မှု သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ထုတ်ဖော်ပြသမှု မပြုရ။

၄၆။ မည်သူမဆို ပုဒ်မ ၄၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ အထိ ငွေဒဏ်ချမှတ်ရမည်။

၄၇။ မည်သူမဆို -

(က) ပုဒ်မ ၄၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) ပုဒ်မ ၄၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရပြီး သူနာပြု သို့မဟုတ် သားဖွားအလုပ်ကို ပြုလုပ်ရာ၌ သူတစ်ဦးဦး သေဆုံးစေခြင်း သို့မဟုတ် ပြင်းထန်သောဒဏ်ရာရရှိစေခြင်းဖြစ်ပါက ထိုသူအား အနည်းဆုံးသုံးနှစ်မှ အများဆုံးခုနစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၄၈။ မည်သူမဆို ပုဒ်မ ၄၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး သုံးလ မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၉။ မည်သည့် လိုင်စင်ရရှိသူ သို့မဟုတ် ကန့်သတ်လိုင်စင် ရရှိသူမဆို ပုဒ်မ ၄၄ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံးသုံးလမှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၀။ မည်သူမဆို ပုဒ်မ ၄၅ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၆)

## ဘဏ္ဍာရေး

၅၁။ ကောင်စီသည် -

(က) ကောင်စီရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင်ရမည် -

(၁) ဤဥပဒေအရ ပေးသွင်းသော မှတ်ပုံတင်ကြေး၊ လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းတိုးမြှင့်ကြေး၊ ဒဏ်ကြေး၊ ဝန်ဆောင်ခနှင့် အခြားအခကြေးငွေများ၊

(၂) ပြည်တွင်း ပြည်ပမှ စေတနာရှင်များ၏ လှူဒါန်းထောက်ပံ့ငွေများ၊

(ခ) ပုဒ်မခွဲ (က) အရ ထူထောင်သည့် ရန်ပုံငွေဖြင့်ရပ်တည်နိုင်ရန် ကြိုးပမ်းရမည်။

(ဂ) လက်တလောအသုံးပြုရန် မလိုအပ်သည့် ရန်ပုံငွေကို တိုးပွားစေရန် ငွေစုဘဏ်တွင် အပ်နှံစုဆောင်းနိုင်သည်။

(ဃ) ကောင်စီရုံးနှင့် စာမေးပွဲခန်းမ၊ သင်တန်းနှင့် လက်တွေ့လေ့ကျင့်သရုပ်ပြခန်းများ၊ အစည်းအဝေးခန်းမ၊ အဆောင်များအတွက် လိုအပ်သောမြေနှင့် အဆောက်အအုံတို့၏ ကုန်ကျစရိတ်ကို နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေမှ နိုင်ငံတော်အစိုးရ၏ ထည့်ဝင်မှုအနေဖြင့် ထောက်ပံ့နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြတောင်းခံနိုင်သည်။

၅၂။ ကောင်စီသည် ရန်ပုံငွေထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်း၊ သုံးစွဲခြင်းနှင့် စာရင်းစစ်ဆေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရေးဆွဲသတ်မှတ်ပြီး လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၁၇)

## အထွေထွေ

၅၃။ ကောင်စီသည် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်နိုင်ခွင့်နှင့် ကောင်စီပိုင် တံဆိပ်တစ်ခုရှိသော တရားဝင်အဖွဲ့ ဖြစ်သည်။ ယင်းအဖွဲ့အမည်ဖြင့် တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲခံနိုင်ခွင့်ရှိသည်။

၅၄။ ကောင်စီသည် ဤဥပဒေဖြင့် ရုပ်သိမ်းသည့် သူနာပြုနှင့် သားဖွားဆိုင်ရာ ဥပဒေအရ ဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားကောင်စီပိုင် ရန်ပုံငွေများကိုလည်းကောင်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကိုလည်းကောင်း၊ ယင်းကောင်စီ၏ ဆောင်ရွက်ပြီးလုပ်ငန်းများနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများကိုလည်းကောင်း၊ ရပိုင်ခွင့်နှင့်ပေးရန် တာဝန်များကိုလည်းကောင်း အသီးသီး ဆက်ခံရမည်။

၅၅။ ဤဥပဒေအရ ပေးအပ်သောလုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို သဘောရိုးဖြင့်ဆောင်ရွက်သည့် ကောင်စီဝင်များ၊ ကောင်စီကဖွဲ့စည်းသော အဖွဲ့အစည်းတစ်ရပ်ရပ်မှ အဖွဲ့ဝင်များနှင့် ကြီးကြပ်ရေးအဖွဲ့ဝင်များကို တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်းမပြုရ။

၅၆။ အစိုးရ ဝန်ထမ်းမဟုတ်သော ကောင်စီဝင်များ၊ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ကောင်စီက ဖွဲ့စည်းသော အဖွဲ့အစည်းတစ်ရပ်ရပ်မှ အဖွဲ့ဝင်များနှင့် ကြီးကြပ်ရေးအဖွဲ့ဝင်များသည် ဤဥပဒေအရ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၅၇။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားစွဲဆိုရာတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၅၈။ ဤဥပဒေဖြင့် ရုပ်သိမ်းသည့် သူနာပြုနှင့် သားဖွားဆိုင်ရာ ဥပဒေအရ ထုတ်ပေးထားသော မှတ်ပုံတင်လက်မှတ်နှင့် လိုင်စင်တို့သည် ယင်းတို့၏ သက်တမ်းကုန်ဆုံးသည့်နေ့အထိ အတည်ဖြစ်သည်ဟု မှတ်ယူရမည်။

၅၉။ ဤဥပဒေဖြင့် ရုပ်သိမ်းသည့် သူနာပြုနှင့် သားဖွားဆိုင်ရာ ဥပဒေအရ ထုတ်ပြန်ခဲ့သော လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၆၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေနှင့် စည်းမျဉ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကျန်းမာရေးဝန်ကြီးဌာနနှင့်ကောင်စီသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၆၁။ သူနာပြုနှင့်သားဖွားဆိုင်ရာ ဥပဒေ (အမှတ် ၁၉/၉၀) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၂/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက် )

**ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေ (မူကြမ်း)**

**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်  ။)**

၁၃၇၆ ခုနှစ်၊  လ  ရက်

( ၂၀၁၄ ခုနှစ်၊  လ  ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**နိဒါန်း**

ပြည်ထောင်စုလွှတ်တော်သို့ ပြည်ထောင်စုအစိုးရအဖွဲ့မှ နှစ်စဉ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာ ဥပဒေကြမ်းကို တင်ပြရာတွင်လည်းကောင်း၊ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို တင်ပြရာတွင်လည်းကောင်း ပွင့်လင်းမြင်သာမှုရှိရေး၊ တာဝန်ခံမှုရှိရေး၊ နိုင်ငံတော်၏စီးပွားရေးနှင့် ငွေကြေး အခြေအနေတိုးတက်တည်ငြိမ်ရေး၊ ပြည်တွင်းပြည်ပကြွေးမြီများ လျှော့နည်းရေးအတွက် ဤဥပဒေကို ပြဋ္ဌာန်း လိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေဟု ခေါ်တွင် စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် -

(က) **ဘတ်ဂျက်လိုငွေ (fiscal deficit)** ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်းတွင် ရငွေနှင့် သုံးငွေစုစုပေါင်းတို့၏ ခြားနားခြင်းကို ဆိုသည်။

(ခ) **နှစ်ကုန်တွင် ကြွေးမြီစုစုပေါင်း (total outstanding liabilities at the end of the year)** ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်တွင် ရငွေ၊ သုံးငွေ၊ လိုငွေ၊ ပိုငွေများကို ခန့်မှန်းတွက်ချက်မှုအရ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်ကုန်တွင် ဖြစ်ပေါ်လာမည့် နိုင်ငံတော်၏ ပြည်တွင်း၊ ပြည်ပ ကြွေးမြီ စုစုပေါင်းကို ဆိုသည်။

(ဂ) **ဗဟိုဘဏ်မှ ငွေချေးယူ၍ လိုငွေဖြည့်ဆည်းခြင်း (Central Bank Financing)** ဆိုသည်မှာ ဘတ်ဂျက်လိုငွေကိုဖြည့်ဆည်းရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ဗဟိုဘဏ်သို့ အတိုး (၄) ရာခိုင်နှုန်းသာပေးရသည့် အစိုးရငွေတိုက်လက်မှတ် (Treasury Bills) များ ထုတ်ပေး၍ ငွေချေးယူပြီး ဘတ်ဂျက်လိုငွေကို ဖြည့်ဆည်းခြင်းကို ဆိုသည်။

## အခန်း(၂)
## ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီရုံး ဖွဲ့စည်းခြင်း

၃။ ပြည်ထောင်စုလွှတ်တော်၏ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီနှင့် ဝန်ကြီးဌာနအလိုက် သက်ဆိုင်ရာကော်မတီများမှ နှစ်စဉ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းများကို စိစစ်ရာတွင်အထောက်အကူဖြစ်စေရန်အတွက် စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ကျွမ်းကျင်သူ ပညာရှင်များပါဝင်သည့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီရုံး (Joint Public Accounts Committee Office) (JPACO) ကို ပြည်ထောင်စုလွှတ်တော်တွင် ဖွဲ့စည်းရမည်။

၄။ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီရုံး၏ ဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်နှင့် ပြည်တွင်း၊ ပြည်ပကျွမ်းကျင်သူ စီးပွားရေးပညာရှင်များ ရွေးချယ်ခန့်အပ်ခြင်းများကို နည်းဥပဒေပြဋ္ဌာန်းဆောင်ရွက်ရမည်။

## အခန်း (၃)
## နှစ်စဉ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအားစိစစ်ခြင်း

၅။ နှစ်စဉ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို အောက်ပါအတိုင်း တင်ပြစိစစ်ဆောင်ရွက်ရမည် -

| စဉ် | ရက်နေ့/မတိုင်မီ | လုပ်ဆောင်ချက် |
|---|---|---|
| (က) | ဇန်နဝါရီလ (၁၅) ရက် | ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း တင်သွင်းခြင်း၊ |
| (ခ) | ဇန်နဝါရီလ (၃၀) ရက် | သက်ဆိုင်ရာကော်မတီများမှ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီသို့ စိစစ်တွေ့ရှိချက်များ တင်ပြခြင်း၊ |
| (ဂ) | ဖေဖော်ဝါရီလ (၁၅) ရက် | ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီမှ ငွေကြေးဆိုင်ရာ တွေ့ရှိသုံးသပ်ချက်ကိုလည်းကောင်း၊ ဥပဒေကြမ်းပူးပေါင်းကော်မတီမှ ဥပဒေဆိုင်ရာ တွေ့ရှိသုံးသပ်ချက်ကိုလည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခြင်း၊ |
| (ဃ) | မတ်လ (၁) ရက် | ပြည်ထောင်စုလွှတ်တော်တွင်းဆွေးနွေးခြင်း၊ |
| (င) | မတ်လ (၁၅) ရက် | သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြန်လည်ရှင်းလင်းတင်ပြခြင်း၊ |
| (စ) | | ပြည်ထောင်စုလွှတ်တော်တွင် မဲခွဲဆုံးဖြတ် အတည်ပြုခြင်း။ |

## အခန်း(၄)
## ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရမည့် အစီရင်ခံစာများ

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်သို့ နှစ်စဉ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို တင်သွင်းရာတွင် လက်ရှိတင်ပြနေသော အရအသုံးခန့်မှန်းခြေငွေစာရင်း၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း၊ အရအသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အကျဉ်းချုပ်ဇယားများနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပြုစုပါရှိတင်ပြရမည် -

(က) ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံတင်ပြချက်၊

(ခ) ဘဏ္ဍာရေးဝန်ကြီး၏ ရှင်းလင်းတင်ပြချက်၊

(ဂ) နှစ်လတ်ဘဏ္ဍာရေးလျာထားချက် (Medium-term Fiscal Framework)(MTFF)၊

(ဃ) ဘဏ္ဍာရေးမဟာဗျူဟာမူဝါဒ (Fiscal Policy Strategy Statement)၊

(င) မေခရိုစီးပွားရေးအခြေအနေဖော်ပြချက် (Macro-economic Framework Statement)၊

(စ) နှစ်စဉ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့်ပတ်သက်၍ အရေးကြီးသည့် အချက်အလက်ဖော်ပြချက်များ၊

(ဆ) ယခင်နှစ်ဘဏ္ဍာရေးဝန်ကြီး၏ မိန့်ခွန်းအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊

(ဇ) ဝန်ကြီးဌာနအလိုက် ယခင်နှစ်ရည်မှန်းလျာထားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေ နှစ်ပတ်လည်အစီရင်ခံစာများ၊

(ဈ) ပြည်သူများ ထင်သာမြင်သာ သိရှိစေနိုင်သည့် ဘတ်ဂျက်ဆိုင်ရာ အနှစ်ချုပ်ဖော်ပြချက် (Citizen's Budget)။

**နှစ်လတ်ဘဏ္ဍာရေးလျာထားချက် (Medium-Term Fiscal Framework)(MTFF)**

၇။ နှစ်လတ်ဘဏ္ဍာရေးလျာထားချက် (Medium-Term Fiscal Framework) နှင့်ပတ်သက်၍တင်ပြရာတွင် အောက်ပါအချက်များနှင့်ပတ်သက်၍ ယမန်နှစ်၏ ရှေ့ပြေးအမှန် (Provisional Actual) (PA) လက်ရှိနှစ်၏ ပြုပြင်ပြီးခန့်မှန်းခြေစာရင်း (Revised Estimates) (RE)၊ တင်ပြသည့် ဘဏ္ဍာရေးနှစ်၏ ခန့်မှန်းခြေစာရင်း (Budget Estimates) (BE)၊ ရှေ့လာမည့် (၂) နှစ်အတွက် မျှော်မှန်းချက်စာရင်း (Rolling Targets) များကို လက်ရှိနှစ်၏ ဈေးကွက်ဈေးနှုန်းများ (at current market prices) ဖြင့် ဖော်ပြရမည် -

(က) ရငွေ (Revenue)၊

(ခ) သုံးငွေ (Expenditure)၊

(ဂ) ဘတ်ဂျက်လိုငွေ (Fiscal Deficit)၊

(ဃ) လိုငွေကိုဖြည့်ဆည်းခြင်း (Deficit Financing)၊

(င) ကြွေးမြီလျာထားချက် (Debt Target)။

၈။ နှစ်လတ်ဘဏ္ဍာရေးလျာထားချက် (Medium-Term Fiscal Framework) ကို ရှင်းလင်းတင်ပြရာတွင် ဝင်ငွေခန့်မှန်းချက် (Revenue Estimate)၊ အခြေခံလျာထား အသုံးစာရင်း (Expenditure Baseline) ရရှိသည့် ဘဏ္ဍာရေးအခြေအနေ (Fiscal Space)၊ လုပ်ငန်းအစီအစဉ်သစ်များအတွက် လိုအပ်သောအသုံးစရိတ် (Funding For New Initiative) နှင့် ထပ်မံလိုအပ်ငွေကို ဖြည့်ဆည်းခြင်း (Additional Revenue Measure) တို့ကို ဖော်ပြရမည်။

**ဘဏ္ဍာရေးမဟာဗျူဟာမူဝါဒ (Fiscal Policy Strategy Statement)**

၉။ ဘဏ္ဍာရေး မဟာဗျူဟာမူဝါဒ (Fiscal Policy Strategy Statement) နှင့်ပတ်သက်၍ တင်ပြရာတွင် အောက်ပါအချက်များပါဝင်ရမည် -

(က) ဘဏ္ဍာရေးမူဝါဒနှင့် ပတ်သက်၍ ခြုံငုံသုံးသပ်ခြင်း (Fiscal Policy Overview)၊

(ခ) တင်ပြသည့်ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေးမူဝါဒ (Fiscal Policy for the ensuing financial year) နှင့်ပတ်သက်၍ အောက်ပါအတိုင်း အသေးစိတ်ဖော်ပြရမည် -

(၁) အခွန်ဆိုင်ရာမူဝါဒ (Tax Policy)၊

(၂) အသုံးစရိတ်မူဝါဒ (Expenditure Policy)၊

(၃) ချေးယူခြင်း၊ ထုတ်ချေးခြင်း၊ ရင်းနှီးမြှုပ်နှံခြင်းနှင့် ပတ်သက်သောမူဝါဒ (Borrowings, Lending and Investments Policies)၊

(၄) အခြားလိုအပ်ချက်များ။

(ဂ) တင်ပြသည့် ဘဏ္ဍာရေးနှစ်အတွက် ဦးစားပေးမှုအစီအစဉ်များ (Strategic priorities for the ensuing year)၊

(ဃ) တင်ပြသည့် ဘဏ္ဍာရေးနှစ်အတွက် လျာထားချက်များ (Targets for the ensuing year)၊

(င) မူဝါဒနှင့် ပတ်သက်၍ သုံးသပ်ချက် (Policy Evaluation)။

**မေခရိုစီးပွားရေးအခြေအနေဖော်ပြချက် (Macro-economic Framework Statement)**

၁၀။ မေခရိုစီးပွားရေးအခြေအနေဖော်ပြချက် (Macro-economic Framework Statement) နှင့်ပတ်သက်၍ တင်ပြရာတွင် အောက်ပါအချက်များပါဝင်ရမည် -

(က) စီးပွားရေးအခြေအနေနှင့် ပတ်သက်၍ ခြုံငုံသုံးသပ်ခြင်း (Overview of the Economy)၊

(ခ) ဂျီဒီပီတိုးတက်မှုနှုန်း (GDP Growth)၊

(ဂ) ပို့ကုန်၊ သွင်းကုန်၊ အရန်ငွေကြေး၊ ကုန်သွယ်မှုလို/ပိုငွေ (Exports, imports, Foreign Exchange Reserves Balance of Payments)၊

(ဃ) ငွေကြေး၊ ဘဏ်စနစ်နှင့် အရင်းအနှီးဈေးကွက် (Money, Banking and Capital Market)၊

(င) ပြည်ထောင်စုအစိုးရ၏ ဘဏ္ဍာရေးဆိုင်ရာ အခြေအနေ (Central Government Finances)၊

(စ) အလားအလာများ (Prospects)။

## အခန်း (၅)

## နှစ်စဉ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့်ပတ်သက်၍ ကန့်သတ်ချက်များ

၁၁။ သာမန်သုံးငွေသည် စုစုပေါင်းသုံးငွေ၏ (၇၀) ရာခိုင်နှုန်းထက်မပိုရ။ ငွေလုံးငွေရင်းသုံးငွေသည် စုစုပေါင်းသုံးငွေ၏ (၃၀) ရာခိုင်နှုန်းထက် မလျော့ရ။

၁၂။ ဘတ်ဂျက်လိုငွေသည် ဂျီဒီပီ၏ (၅. ၀) ရာခိုင်နှုန်းထက် မကျော်ရ။

၁၃။ နိုင်ငံတော်၏ နှစ်ကုန်တွင် ကြွေးမြီစုစုပေါင်း (total outstanding liabilities at the end of the year) သည် ဂျီဒီပီ၏ (၅၀) ရာခိုင်နှုန်းထက် မကျော်ရ။

၁၄။ ဘတ်ဂျက်လိုငွေကိုဖြည့်ဆည်းရန်အတွက် ဗဟိုဘဏ်မှငွေချေးယူခြင်း (Central Bank Financing) ကို လျှော့ချရမည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှစတင်၍ ဗဟိုဘဏ်မှ ငွေချေးယူခြင်းမပြုရ။

၁၅။ ဖြည့်စွက်ရန်ပုံငွေတောင်းခံမှုသည် မူလဘတ်ဂျက်၏ (၈) ရာခိုင်နှုန်းထက် မကျော်စေရ။

၁၆။ နှစ်စဉ်သီးသန့်ရန်ပုံငွေသည်စုစုပေါင်းအသုံးစရိတ်၏ (၃) ရာခိုင်နှုန်းထက် မကျော်ရ။

၁၇။ ပညာရေးအသုံးစရိတ်သည် စုစုပေါင်းအသုံးစရိတ်၏ (၈) ရာခိုင်နှုန်းထက် မနည်းရ။

၁၈။ ကျန်းမာရေးအသုံးစရိတ်သည် စုစုပေါင်းအသုံးစရိတ်၏ (၅) ရာခိုင်နှုန်းထက် မနည်းရ။

၁၉။ ဘတ်ဂျက်ပြင်ပရန်ပုံငွေများ (Off - Budget Fund) နှင့်ပတ်သက်၍ ဥပဒေရေးဆွဲပြဋ္ဌာန်းပြီးမှ ဆောင်ရွက်ရမည်။

၂၀။ ဘတ်ဂျက်ပြင်ပရန်ပုံငွေများ (Off - Budget Fund) ၏ အရအသုံးစာရင်းများ၊ ပေးရန်ရှိ၊ ရရန်ရှိများကို နှစ်စဉ်အရအသုံးခန့်မှန်းခြေစာရင်းတွင် ထည့်သွင်းရေးဆွဲတင်ပြရမည်။

၂၁။ လှည့်ပတ်ရန်ပုံငွေ (Revolving Fund) များ ထားရှိရန်လိုအပ်ပါက ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်ရယူရမည်။ ထို့ပြင် နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ တင်ပြရာတွင် ထည့်သွင်းဖော်ပြရမည်။

၂၂။ နှစ်စဉ် ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ စုစုပေါင်းချေးယူသည့် ပမာဏသည် စုစုပေါင်းဝင်ငွေ၏ (၂၀) ရာခိုင်နှုန်းထက် မကျော်ရ။

၂၃။ သီးသန့်ရန်ပုံငွေမှ တိုင်းဒေသကြီး/ပြည်နယ်များအတွက် လိုအပ်ငွေကို နှစ်စဉ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် ဖော်ပြထားသည့် သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုနိုင်သည်။

၂၄။ ဖြည့်စွက်ရန်ပုံငွေတွင် တိုင်းဒေသကြီး/ပြည်နယ်များမှ တင်ပြတောင်းခံခြင်းမပြုရ။

၂၅။ ပြည်ပချေးငွေ (Loan) နှင့် ပြည်ပထောက်ပံ့ငွေ (Grant) များကို ဝန်ကြီးဌာနအလိုက် အသေးစိတ် ဖော်ပြရမည်။

၂၆။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ တစ်ခုချင်းအလိုက် ငွေစာရင်းများကို ရရန်အကြွေး၊ ပေးရန်အကြွေး (Assets and Liabilities) များဖြင့် ဖော်ပြရမည်။

၂၇။ နှစ်လတ်ဘဏ္ဍာရေးလျာထားချက်ကို ရေးဆွဲဖော်ပြရာတွင် လာမည့် (၂) နှစ်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လျာထားသည့် ထောက်ပံ့ငွေနှင့်ချေးငွေများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကြိုတင် သိရှိရန်အတွက် ဖော်ပြထည့်သွင်းလျာထားရမည်။

၂၈။ ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဝန်ကြီးဌာနများ၏ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ရရှိရေးဆွဲပြီးနောက် ဘဏ္ဍာရေးကော်မရှင်သို့ မတင်ပြမီ ပြည်ထောင်စုလွှတ်တော်၏ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီနှင့် တွေ့ဆုံညှိနှိုင်းရမည်။

၂၉။ ဝန်ကြီးဌာနများနှင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ နိုင်ငံတော်ရန်ပုံငွေပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ အခြားစာရင်းများ (Other Accounts) (OA) များကို အရအသုံး ခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းရေးဆွဲဖော်ပြရမည်။

၃၀။ ကြိုတင်ပေးငွေ (Advance) များကို အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းဖော်ပြရမည်။

၃၁။ အစိုးရ၏ မမြင်နိုင်သောထောက်ပံ့ငွေများ (Hidden Subsidies) ကို အရအသုံးခန့်မှန်းခြေစာရင်းများ နှင့်အတူ ဖော်ပြရမည်။

၃၂။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ နိုင်ငံတော်အရအသုံး ခန့်မှန်းခြေငွေစာရင်းပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့ အစည်းများအတွက် ပြည်ပမှ ငွေချေးယူခြင်းများကို နိုင်ငံတော်ကိုယ်စား ဘဏ္ဍာရေးဝန်ကြီးဌာနမှ အာမခံခြင်း များကို ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ရမည့်အပြင် ထိုကဲ့သို့ အာမခံထားငွေ စုစုပေါင်းကို နှစ်စဉ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေတင်ပြရာတွင် ထည့်သွင်းဖော်ပြ ရမည်။

၃၃။ တိုင်းဒေသကြီး/ပြည်နယ်တစ်ခုချင်း၏ လိုငွေသည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ဂျီဒီပီ၏ (၅) ရာခိုင်နှုန်းထက် မကျော်စေရ။

၃၄။ နှစ်စဉ် ဖြည့်စွက်ရန်ပုံငွေကို အောက်တိုဘာလ (၃၁) ရက် မတိုင်မီ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

## အခန်း (၆)
## အစီရင်ခံစာများ

၃၅။ ဘဏ္ဍာရေးဆိုင်ရာ မူဝါဒများနှင့်ပတ်သက်၍ ပြောင်းလဲမှုအခြေအနေ နှစ်ဝက်အစီရင်ခံစာကို သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်၏ အောက်တိုဘာလအတွင်းတွင် ပြည်ထောင်စုလွှတ်တော်သို့ ပြည်ထောင်စု အစိုးရအဖွဲ့၏ကိုယ်စား ဘဏ္ဍာရေးဝန်ကြီးမှ တင်ပြရမည်။

၃၆။ ဘဏ္ဍာရေးနှစ် တစ်နှစ်လုံး၏ နှစ်ပတ်လည်အစီရင်ခံစာကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်ကုန်ပြီး အနီးကပ်ဆုံးကျင်းပသော ပြည်ထောင်စုလွှတ်တော်သို့ ပြည်ထောင်စုအစိုးရအဖွဲ့၏ကိုယ်စား ဘဏ္ဍာရေးဝန်ကြီးမှ တင်ပြရမည်။

**အခန်း (၇)**

**အထွေထွေ**

၃၇။ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသည့် ဘတ်ဂျက်ဥပဒေမူကြမ်းကို ဘဏ္ဍာရေးဝန်ကြီးဌာန၏ Website တွင် PDF ဖိုင်ဖြင့်လည်းကောင်း၊ Word/Excel ဖိုင်ဖြင့်လည်းကောင်း လွှင့်တင်ထားရမည်။

၃၈။ ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြီး သို့မဟုတ် သမ္မတမှလက်မှတ်ရေးထိုးပြီးသည့် ဘတ်ဂျက်ဥပဒေကို ဘဏ္ဍာရေးဝန်ကြီးဌာန၏ Website တွင် PDF ဖိုင်ဖြင့် လွှင့်တင်ထားရမည်။ သတင်းစာများတွင်လည်း ထည့်သွင်းဖော်ပြရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**ကြေညာချက်အမှတ် (၇/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်

( ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက် )

**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၉၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၃ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ) တို့အရ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက် (၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်) တနင်္လာနေ့၊ ၁၃း၀၀ နာရီ အချိန်တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ) သူရရွှေမန်း

နာယက

ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်**

**ကြေညာချက်အမှတ် (၃/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်

( ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက် )

**ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၆၊ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ) တို့အရ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်း

အဝေးကို နေပြည်တော်၌ ၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက် (၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်) တနင်္လာနေ့၊ နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**ကြေညာချက်အမှတ် (၃/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်

( ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက် )

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၅ နှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ တို့အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက် (၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်) တနင်္လာနေ့၊ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၄၄/၂၀၁၄)**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်

( ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက် )

**ချင်းအမျိုးသား ဒီမိုကရက်တစ်ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပြောင်းလဲသတ်မှတ်ခြင်း**

၁။ ချင်းတိုးတက်ရေးပါတီကို ကိုယ်စားပြု၍ ရွေးကောက်တင်မြှောက်ခံရသော ချင်းပြည်နယ်၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် (၉) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါ်လျှံလွင်သည် ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီသို့ ဝင်ရောက်ခဲ့ပြီးဖြစ်ပါသဖြင့် ၎င်းအား ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ၏ ပါတီဝင်အဖြစ် အသိအမှတ်ပြုပါရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလာပါသည်။

၂။ အဆိုပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါ်လျှံလွင်အား ချင်းတိုးတက်ရေးပါတီမှ နုတ်ထွက်ခွင့်ပြုပြီးဖြစ်ကြောင်းနှင့် ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီသို့ ဝင်ရောက်ခွင့်ပြုရန် လျှောက်ထားလာခြင်းကိုလည်း ဝင်ရောက်ခွင့်ပြုပြီးဖြစ်ပါကြောင်း သက်ဆိုင်ရာပါတီများ၏ တင်ပြချက်များအရ သိရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ကျင်းပခဲ့သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ချင်းပြည်နယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ် (၉) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါ်လျှံလွင်အား ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ၏ ကိုယ်စားပြုလွှတ်တော် ကိုယ်စားလှယ်အဖြစ် ပြောင်းလဲသတ်မှတ်လိုက်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၄-၂၀၁၅)**

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်

( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက် )

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၁/၂၀၁၄) ၏ သဘောတူညီချက်အရ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) တန်း၊ အဖွဲ့ခွဲမှူး (ဒုတိယညွှန်ကြားရေးမှူး) ဦးအောင်သီဟအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၌ လစ်လပ်လျက်ရှိသည့် လစာနှုန်းတူ ဒုတိယညွှန်ကြားရေးမှူး ရာထူးနေရာသို့ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

မြဝင်း
ဥက္ကဋ္ဌ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် (၈၅/၂၀၁၄-၂၀၁၅)**

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်

( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက် )

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၁/၂၀၁၄) ၏ သဘောတူညီချက်အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ သုတေသနနှင့် ပြည်သူ့ဆက်ဆံရေးဌာနခွဲမှ လစာနှုန်း (၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀) တန်း၊ ညွှန်ကြားရေးမှူး ဦးကျော်စိုးလင်းအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၌ လစ်လပ်လျက်ရှိသည့် လစာနှုန်းတူ ညွှန်ကြားရေးမှူးရာထူးနေရာသို့ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

မြဝင်း
ဥက္ကဋ္ဌ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

**[ ယခင်အပတ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၄) နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ဆိုင်ရာ နည်းဥပဒေများမှအဆက် ]**

## အခန်း (၁၅)

## အမြဲနေထိုင်ခွင့်ရုပ်သိမ်းခြင်းနှင့်ပယ်ဖျက်ခြင်း

### ရုပ်သိမ်းခြင်း

၃၇။ အမြဲနေထိုင်ခွင့်လက်မှတ်ရရှိသူသည် အောက်ပါအကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်ပါက အမြဲနေထိုင်ခွင့်ကို ရုပ်သိမ်းခြင်းခံရမည် -

(က) အကောင်အထည်ဖော်ရေးဗဟိုကော်မတီက နိုင်ငံတော်အကျိုးငှာ အခါအားလျော်စွာထုတ်ပြန်သည့် တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(ခ) နိုင်ငံရေးပါတီများနှင့်နိုင်ငံရေးပါတီအဖွဲ့အစည်းများတွင် ပါဝင်ခြင်း၊ လှုပ်ရှားခြင်း၊ ဆောင်ရွက်ခြင်း သို့မဟုတ် ထောက်ပံ့ကူညီခြင်း၊

(ဂ) လူမျိုးရေး၊ ဘာသာရေးသွေးကွဲစေရန်ဆောင်ရွက်ခြင်း၊ လှုပ်ရှားခြင်း သို့မဟုတ် ထောက်ပံ့ကူညီခြင်း၊

(ဃ) မူလလျှောက်ထားချက်တွင်ပါဝင်သည့် အချက်အလက်များ မမှန်ကန်ကြောင်း၊ လိမ်လည်ဖော်ပြကြောင်း၊ အတုပြုလုပ်ကြောင်း သို့မဟုတ် တစ်နည်းနည်းဖြင့် တရားမဝင်ဖန်တီးကြောင်း တွေ့ရှိခြင်း၊

(င) အမြဲနေထိုင်ခွင့်လျှောက်ထားရန် ရည်ရွယ်၍ လက်ထပ်ခြင်းဖြစ်သည်ဟု စိစစ်တွေ့ရှိခြင်း၊

(စ) မြန်မာဓလေ့ထုံးတမ်းဥပဒေ၊ ဗုဒ္ဓဘာသာဝင်မဟုတ်သည့်မြန်မာနိုင်ငံသားများ၏လက်ထပ်ထိမ်းမြားခြင်းနှင့် သက်ဆိုင်သည့် တည်ဆဲဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ မြန်မာနိုင်ငံသားနှင့် လက်ထပ်ထားသော နိုင်ငံခြားသား ဇနီး သို့မဟုတ် ခင်ပွန်းအတွက် အမြဲနေထိုင်ခွင့်ပြုချက်ရရှိပြီးနောက် မြန်မာနိုင်ငံသား ဇနီး သို့မဟုတ် ခင်ပွန်းသည် နိုင်ငံသားအဖြစ်မှ ရပ်စဲခံရခြင်း သို့မဟုတ် ရုပ်သိမ်းခံရခြင်း၊ တရားဝင် ဇနီး သို့မဟုတ် ခင်ပွန်းအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း၊ အမြဲနေထိုင်ခွင့်ရရှိသူသည် နောက်အိမ်ထောင်ပြုခြင်း၊

(ဆ) မြန်မာဓလေ့ထုံးတမ်းဥပဒေ၊ ဗုဒ္ဓဘာသာဝင်မဟုတ်သည့်မြန်မာနိုင်ငံသားများ၏လက်ထပ်ထိမ်းမြားခြင်းများနှင့် သက်ဆိုင်သည့် တည်ဆဲဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ မြန်မာနိုင်ငံသားနှင့် လက်ထပ်ထားသော နိုင်ငံခြားသားဇနီး သို့မဟုတ် ခင်ပွန်းတို့မှမွေးဖွားသော သို့မဟုတ် မွေးစားသော အသက် ၁၈ နှစ်အောက် တရားဝင်သားသမီးများအတွက် အမြဲနေထိုင်ခွင့်လက်မှတ်ရရှိပြီးနောက် မြန်မာနိုင်ငံသား မိခင် သို့မဟုတ် ဖခင်သည် နိုင်ငံသားအဖြစ်မှ ရပ်စဲခံရခြင်း သို့မဟုတ် ရုပ်သိမ်းခံရခြင်း၊ ၎င်းသားသမီးသည် တရားဝင် သားသမီးအဖြစ်မှ စွန့်လွှတ်ခံရခြင်း၊

(ဇ) ကျွမ်းကျင်ပညာရှင် သို့မဟုတ် ရင်းနှီးမြှုပ်နှံသူဖြစ်ပါက အမြဲနေထိုင်ခွင့်ပြုပြီး သုံးနှစ်အတွင်း မူလလုပ်ကိုင်ခဲ့သော လုပ်ငန်းအား အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၏ ခွင့်ပြုချက်မရဘဲ ပြောင်းလဲလုပ်ကိုင်ခြင်း၊

(ဈ) နည်းဥပဒေ ၃၀ အရ အမြဲနေထိုင်ခွင့်လက်မှတ် တစ်နှစ်သက်တမ်းကုန်ဆုံးပြီးနောက် ရက်ပေါင်း ၁၈၀ ပြည့်သည့်နေ့အထိ သက်တမ်းအတည်ပြု မှတ်ပုံတင်ရန် ပျက်ကွက်ခြင်း၊

(ည) အမြဲနေထိုင်ခွင့်ဆိုင်ရာ တားမြစ်ချက်များ၊ ကန့်သတ်ချက်များကို ချိုးဖောက်ခြင်း။

### ပယ်ဖျက်ခြင်း

၃၈။ အမြဲနေထိုင်ခွင့်လက်မှတ်ရရှိသူသည် အောက်ပါအကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်ပါက ခွင့်ပြုထားသော အမြဲနေထိုင်ခွင့်ကို ပယ်ဖျက်ခြင်းခံရမည် -

(က) အမြဲနေထိုင်ခွင့်လက်မှတ်ရရှိသူ သေဆုံးခြင်း၊

(ခ) ပြစ်မှုတစ်ရပ်ရပ်ကျူးလွန်သဖြင့် တည်ဆဲဥပဒေအရ ပြစ်ဒဏ်စီရင်ခြင်း ခံရပြီးနောက် ပြည်နှင်ဒဏ်ပေးခံရခြင်း။

၃၉။ အမြဲနေထိုင်ခွင့်လျှောက်ထားချက်ကို ခွင့်ပြုခြင်း၊ ခွင့်မပြုခြင်း၊ အမြဲနေထိုင်ခွင့် ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းများနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း (၁၆)
## စစ်ဆေးရေးအရာရှိများ ခန့်အပ်ခြင်း

၄၀။ နိုင်ငံတော်သမ္မတသည် နိုင်ငံခြားသားများ၏ မြန်မာနိုင်ငံတွင် အမြဲနေထိုင်ခွင့်လျှောက်ထားခြင်း၊ အမြဲနေထိုင်ခွင့်လက်မှတ် ထုတ်ယူကိုင်ဆောင်အသုံးပြုခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်သူများက ဤနည်းဥပဒေနှင့် ဤနည်းဥပဒေအရ ထုတ်ပြန်သည့်အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိမရှိကို စစ်ဆေးရန်အလို့ငှာ ဦးစီးဌာနမှ လူဝင်မှုကြီးကြပ်ရေးအရာရှိများကို စစ်ဆေးရေးအရာရှိများအဖြစ် ခန့်အပ်ရေးအတွက် ဝန်ကြီးဌာနအား တာဝန်ပေးအပ်နိုင်သည်။

၄၁။ ဝန်ကြီးဌာနသည် စစ်ဆေးရေးအရာရှိများ ခန့်အပ်ခြင်းနှင့် ၎င်းတို့၏လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်းတို့ကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဆောင်ရွက်ရမည်။

## အခန်း (၁၇)
## အထွေထွေ

၄၂။ အမြဲနေထိုင်ခွင့်လျှောက်ထားသူသည် အမြဲနေထိုင်ခွင့်လက်မှတ်မရရှိသေးမီကာလအထိ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကာလကန့်သတ်ချက်ဖြင့် ဆက်လက်နေခွင့်သက်တမ်းတိုးမြှင့် နေထိုင်ရမည်။

၄၃။ ကျွမ်းကျင်ပညာရှင် သို့မဟုတ် ရင်းနှီးမြှုပ်နှံ၍ စီးပွားရေးလုပ်ကိုင်သူသည် မိမိလုပ်ကိုင်သောလုပ်ငန်းကို အမြဲနေထိုင်ခွင့်ရရှိပြီး သုံးနှစ်အတွင်းပြောင်းလဲလိုပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ထောက်ခံချက်နှင့်အတူ အကောင်အထည်ဖော်ရေးဗဟိုကော်မတီသို့ တင်ပြခွင့်ပြုချက်ရယူရမည်။

၄၄။ ဝန်ကြီးဌာနသည် အမြဲနေထိုင်ခွင့်လျှောက်ထားခြင်း၊ အမြဲနေထိုင်ခွင့်လက်မှတ် လျှောက်ထားခြင်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို စနစ်တကျအကောင်အထည်ဖော်နိုင်ရန်အလို့ငှာ လိုအပ်သည်များကို ညွှန်ကြားနိုင်သည်။

၄၅။ ဦးစီးဌာနသည် အမြဲနေထိုင်ခွင့်လက်မှတ်ထုတ်ပေးခြင်းနှင့် သက်တမ်းအတည်ပြုမှတ်ပုံတင်ခြင်းကိုလည်းကောင်း၊ အမြဲနေထိုင်ခွင့်လက်မှတ်မိတ္တူထုတ်ပေးခြင်းကိုလည်းကောင်း၊ အမြဲနေထိုင်ခွင့်ရရှိသူ၏ ကိုယ်ရေးဖြစ်စဉ် ပြောင်းလဲခြင်းကိုလည်းကောင်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကို အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီသို့ တင်ပြရမည်။

၄၆။ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုရေးအတွက် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် လိုအပ်သည့် အရည်အချင်းစံနှုန်းများနှင့် သတ်မှတ်အမျိုးအစားအလိုက် ခွင့်ပြုလိုသည့် အရေအတွက်တို့ကို အကောင်အထည်ဖော်ရေးဗဟိုကော်မတီသို့ တင်ပြရမည်။

အမိန့်အရ

(ခင်ရီ)၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန။

နောက်ဆက်တွဲ (က)

ပုံစံအမန (၁)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

**နိုင်ငံခြားသား အမြဲနေထိုင်ခွင့်လျှောက်လွှာ**

ဤလျှောက်လွှာသည် ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေအရ ပြုလုပ်သည့် နိုင်ငံခြားသား အမြဲနေထိုင်ခွင့် နည်းဥပဒေများအရ အမြဲနေထိုင်ခွင့်အတွက် လျှောက်ထားခြင်းဖြစ်သည်။

**အပိုင်း (က)**

**လျှောက်ထားသူ၏ ကိုယ်ရေးအချက်များ (လျှောက်ထားသူဖြည့်သွင်းရန်အချက်များ)**

၁။ ခရီးသွားအထောက်အထားလက်မှတ်ပါအမည် ....................

........................................

(၁. ၅လက်မနှင့် ၂ လက်မ အရွယ်ဓာတ်ပုံ)

၂။ အခြားအမည်ရှိလျှင်. ..............................

................................................

၃။ လိင်

☐ကျား မ☐

၄။ နိုင်ငံသား

(က) လက်ရှိ ............................................

(ခ) ယခင် ............................................

၅။ မွေးသက္ကရာဇ် ............................................

၆။ မွေးဖွားရာဒေသ ............................................

၇။ ကိုးကွယ်သည့်ဘာသာ ..........................................

၈။ တတ်ကျွမ်းသည့် စာပေ/ ဘာသာစကားအမျိုးအစားများ

| စဉ် | ဘာသာစကား | တတ်ကျွမ်းနားလည်နိုင်မှုစွမ်းရည် | | | | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | အရေး | | | အဖတ် | | | အပြော | | | |
| | | ကျွမ်းကျင် | အသင့်အတင့် | အနည်းငယ် | ကျွမ်းကျင် | အသင့်အတင့် | အနည်းငယ် | ကျွမ်းကျင် | အသင့်အတင့် | အနည်းငယ် | |
| ၁ | | | | | | | | | | | |
| ၂ | | | | | | | | | | | |

(မှတ်ချက်။ ဘာသာစကား၌ **မြန်မာ/အင်္ဂလိပ်/တရုတ်/ဂျပန်/ ပြင်သစ်** စသည်ဖြင့် တတ်ကျွမ်းသည့် ဘာသာစကားများဖော်ပြရန်)

